www.burmeseclassic.com



# ဒေဂမကြို

ဒါန်းစိုးတာရွှေ

www.burmeseclassic.com

www.burmeseclassic.com

ဒေဝစကြာ

# ဒါဉ်းစီးတစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ... ၅၀၁၅၇၇၁၂၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် . ၅၀၀၁၂၃၀၁၂၁၂

ပုံနှိပ်ခြင်း

ထုတ်ဝေသည့်လ ... မေ လ ၂၀၁၂
ထုတ်ဝေသည့်အကြိမ် ... ပထမအကြိမ်
တန်ဖိုး ... ၁၀၀၀
အုပ်ရေ ... ၅၀၀
ကွန်ပျူတာစာစီ ... ညီညီလွင်
မျက်နှာဖုံး ကိုရဲ

ထုတ်ဝေသူ
ဦးကျင်ဝမ်(၀၄၁၅၁)၊ နွေမိုးဆောင်းစာပေ၊ အမှတ်(၆၅)၊
၅၁နာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးအတွင်းပုံနှိပ်သူ
ဦးတိုးဝင်း (၀၂၄၃၁)
နေလရောင်အော့ဆက်
၉၆/ခ-၁၁လမ်း
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

“ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း” (CIP)

၈၉၅-၈၃
ဒေဝစကြာ
ဒါန်းစီးတစ္ဆေ /ဒေဝစကြာ။
-ရန်ကုန်
နွေမိုးဆောင်းစာပေ၊ ၂၀၁၀။
စာ၊ ၁၂.၅ ၁၇.၅ စင်တီ။
(၁)ဒါန်းစီးတစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ ထုတ်ဝေပြီးသော စာအုပ်များ


၁။ သချိုင်းစောင့်တစ္ဆေ
၂။ ဝိညာဉ်လိပ်ပြာ
၃။ တစ္ဆေရောင်းရန်ရှိသည်
၄။ မရဏာရနံ့
၅။ သွေးသောက်တဲ့မြို့
၆။ မိစ္ဆာတောလေ တောလုံးမွှေ
၇။ တစ္ဆေမင်းသမီး
၈။ သမုဒယ ဝိညာဉ်
၉။ ငှက်ဆိုးကျိန်စာ
၁၀။ အိမ်မက်ဆိုးသံသရာ
၁၁။ မီးလျှံကြားမှသရဖူ
၁၂။ တမလွန်နှမိတ်
၁၃။ ဝဋ်ကြွေးကြမ္မာ ဝက်ပါ
၁၄။ အဝိဇ္ဇာရဲ့တိုက်
၁၅။ ဝိညာဉ်နက်ဇကရီ
၁၆။ ခန္ဓာနှင့် ဝိညာဉ်
၁၇။ ဥပါဒါန် မုန်တိုင်း
၁၈။ မရဏာတမာန်
၁၉။ မိစ္ဆာမုဆိုး


www.burmeseclassic.com

www.burmeseclassic.com

၂၀။ ငရဲသို့ဖြတ်လမ်း
၂၁။ သေတမ်းကစားသူ
၂၂။ ဒြပ်မဲ့စန္ဒာ
၂၃။ မရဏတံခါး၏အခြားတစ်ဖက်
၂၄။ တမလွန်ခရီးသွား
၂၅။ လက်ကွယ်ညအိပ်မက်ဆိုး
၂၆။ အသူရာလမ်းက အိမ်နီကြီး
၂၇။ သံသရာအကျဉ်းသား
၂၈။ အဆိပ်သင့်ဝိညာဉ်
၂၉။ ခွေးနက်ကြီးနဲ့လူ
၃၀။ သေရွာပြန်ချစ်သူ
၃၁။ တစ္ဆေဂေဟာ
၃၂။ သရဲကုန်းကမိစ္ဆာ
၃၃။ သင်္ချိုင်းမှအလည်လာသူ
၃၄။ ကိုးလောင်းကွေ့မှ အလွန်

ယခုလ

၃၅။ ဒါန်းစီးတစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

# (ပါဝင်သည့်အခန်းများ)

၁။ သရဲအိမ်ကြီး၏နိဒါန်းအစ
၂။ ကြောက်မက်ဖွယ်ရာရုပ်အဆင်း
၃။ လမ်းမကြီးပေါ်မှတစ္ဆေ
၄။ ရင်ဆိုင်ရသောသရဲတစ်ကောင်
၅။ ဘီရိုထဲမှအလောင်း
၆။ ကိုယ်တွေ့ကြုံရယုံရခြင်း
၇။ အခြောက်အလှန့်များ
၈။ မိုးပျံသရဲ
၉။ ဒါန်းစီးတစ္ဆေ
၁၀။ နာနာဘာဝနှင့်တိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

( နိဒါန်း )

ရန်ကုန်မြို့စွန်တစ်နေရာတွင် လူသိများသော"ဟောဝန်"ဆိုသည့် လုံးချင်းအိမ်ယာတစ်ခုရှိသည်။ အတန်ငယ်ကျယ်ဝန်းသည့်ခြံများထဲတွင် ပုံစံတူ တစ်ထပ်တိုက်၊ နှစ်ထပ်တိုက်များကို၊ လှပသေသပ်သောအနေအထားဖြင့် ဆောက်လုပ်ထားကာ ဖြောင့်စင်းညီညာသည့် ကွန်ကရစ်လမ်းများ၊အလှစိုက်ပန်းပင်များ ဓါတ်တိုင်များကြောင့် နေချင့်စဖွယ် နေရာလေးတစ်ခုဟု ဆိုနိုင်လေသည်။ ယခုအခါ လူနေထူထပ်ကာစည်ကားလာသော်လည်း၊ လွန်ခဲ့သော(၅)နှစ်ခန့်က အတော်ပင် လူနေကျဲခဲ့ဖူးပါသည်။ရန်ကုန်မြို့လယ်နှင့် အတန်ငယ်လှမ်းခြင်းမှာလည်း လူနေနည်းခဲ့ရခြင်းအကြောင်းများအနက် အချက်တစ်ချက်ဖြစ်ပုံရသည်။

နွေမိုးဆောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com


ထိုအိမ်ယာစခန်းအစွန်တွင်၊ထူးခြားသည်ဟုထင်ရန်ရှိသော နှစ်ထပ်တိုက်ကလေးတစ်လုံးရှိပါသည်။ ထူးခြားသည်ဟု ပြောရ သည်မှာ ထိုလမ်းထဲရှိအခြားတိုက်များမှာ၊ လူများရောက်ရှိနေထိုင် နေပြီဖြစ်သော်လည်း ဤတိုက်တွင်နေထိုင်မည့်သူမရှိသောကြောင့် ဖြစ်လေသည်။တိုက်ကလေးမှာ ဆေးသုတ်ခြင်းပြုပြင်ခြင်းမရှိသော ကြောင့် တိုက်ဟောင်းကလေးတစ်လုံးသဖွယ် ဖြစ်၍နေလေသည်။ ဤအိမ်ယာစခန်းထဲတွင် ထိုတိုက်ကလေးမှာ သရဲခြောက်သည်ဟု နာမည်ကြီးနေသော တိုက်ကလေးဖြစ်သည်။ထို့ကြောင့် ပိုင်ရှင်မှာ ပြန်ရောင်းမထွက်ပဲ ရှိလေသည်။ ငှားမည့်သူ ပေါ်လာပြန်လျှင် လည်း ဘယ်သူမှ(၇)ရက်ထက်ပို၍ နေနိုင်မည့်သူမရှိ။သရဲခြောက် ၍ ပြောင်းပြေးရသည်ချည်းဖြစ်သည်။ ထို့ကြောင့် ဤအိမ်ယာစ ခန်းတွင် ထိုအိမ်မှာ သရဲခြောက်သည်ဟူသော၊သတင်းစကားဖြင့် ကျော်ကြားနေလေသည်။

ထိုခြံမှာ ပြုပြင်ထိမ်းသိမ်းမည့်သူ မရှိသဖြင့်၊ ပေါင်းမြက် ထူထူများသာဖုံးလွှမ်းနေ၏။ ရေလောင်းမည့်သူမရှိသဖြင့် ပန်းပင် တို့မှာလည်း၊ ညှိုးခြောက်သေဆုံးနေကြပြီဖြစ်သည်။ခြံထောင့်တစ် နေရာတွင်မူ သံတိုင်ထောက်များဖြင့် ဆင်ထားသော၊ လွှဲဒါန်းက လေး လေးခုရှိ၏။မူလရည်ရွယ်ချက်မှာ ဤအိမ်တွင်နေထိုင်သော မိသားစုလေးယောက်စီးဖို့ရန် ရည်ရွယ်ဟန်တူလေသည်။အိမ်ရှေ့မှ ဖြတ်သန်းသွားလာသူများသည်၊တစ်ခါတစ်ရံနေ့ခင်းကြောင်ကြောင် မှာပင် ဒါန်းလွှဲသံကိုကြားရလေ့ရှိ၏။ ထိုသို့ကြားရသဖြင့် လူညံ့


www.burmeseclassic.com

www.burmeseclassic.com


ကြည့်လိုက်လျှင်၊ ဒါန်းလေးခုရှိသည့်အနက် အစွန်ဆုံးဒါန်းတစ်ခုမှာ ရှေ့နောက်ညင်သာစွာလှုပ်ယမ်းနေသည်ကို၊အံ့ဩဘွယ်ရာတွေ့ရတတ်လေသည်။ အကယ်၍ လေတိုက်ခတ်တိုးဝှေ့သဖြင့် လှုပ်ယမ်းမည်ဆိုလျှင် ဒါန်းလေးခုလုံး တစ်ညီတစ်ညာတည်းလှုပ်ယမ်းရမည်ဖြစ်သည်။ ယခုတော့ ..ကျန်ဒါန်းသုံးခုက မည်သို့မျှမဖြစ်ပဲ အစွန်ဆုံးဒါန်းတစ်ခုကသာ လှုပ်နေသည်ဆိုသည်မှာ၊ထူးခြားသည်ဟု ဆိုရပေတော့မည်။


www.burmeseclassic.com

www.burmeseclassic.com

လူမနေသောအိမ်မှာ ဘာကြောင့်၊ဒီကြောင်အိမ်ကလှုပ်နေရသနည်း။ သရဲခြောက်တာပဲလား။သရဲတစ္ဆေအကြောင်းရေးထားသော ဝတ္ထုတွေထဲမှာတော့ အဲသလို ဘာမှမရှိပဲလှုပ်နေတာကို သရဲခြောက်သည်ဟုဆိုကြသည်။

## ( ၁ ) သရဲအိမ်ကြီး၏ နိဒါန်းအစ

www.burmeseclassic.com

www.burmeseclassic.com

## ( ၁ ) သရဲအိမ်ကြီး၏ နိဒါန်းအစ

လွန်ခဲ့သော (၅)နှစ်ခန့်ကဖြစ်သည်။

ဤအိမ်၏ရှေ့ကိုကားတစ်စီးဆိုက်ကာ ကားပေါ်ကမိသားစုလေးယောက် ဆင်းသက်လာလေသည်။အဖေဖြစ်သူမှာ အသက်လေးဆယ်နီးပါးခန့်ရှိသည့် ကိုကျော်ထင်ဆိုသူဖြစ်၏။ သူကားအရပ် ငါးပေရှစ်လက်မခန့်ရှိပြီး၊ ခန့်ညားသောအသွင်အပြင်ရှိသည့် လူလတ်ပိုင်းအရွယ် ယောကျ်ားတစ်ဦးဖြစ်သည်။ စပို့ရှပ်အဖြူနှင့် ကာကီဘောင်းဘီအညိုဝတ်ဆင်ထားကာအသားလတ်လတ်ဖြစ်၏။ သူ့ဇနီးကေသီကား အသားဖြူဖြူ ပိန်ပိန်သွယ်သွယ်၊ အသက်သုံးဆယ်ကျော်ခန့်ရှိသော်လည်း၊ရှိရင်းစွဲအသက်ထက်ငယ်သည်ဟုထင်ရလောက်အောင် ချောမောနုပျိုသူဖြစ်၏။ ချမ်းသာကာ ဆံရှိန်



www.burmeseclassic.com

www.burmeseclassic.com


မြင့်သော၊အထက်တန်းစားမိဘများကပေါက်ဖွားလာသူဖြစ်ကြောင်း သူ့ရုပ်လက္ခဏာကိုမြင်ရုံဖြင့် အကဲခတ်နိုင်၏။ သူတို့သမီးကလေး ဘေဘီကား (၈)တန်းကျောင်းသူ (၁၄)နှစ်အရွယ်ဖြစ်ကာ၊အသား ဖြူသော်လည်း သူ့အမေလိုခတ်ညွှက်ညွှက်မဟုတ်သဖြင့်၊ မသိသူ များအဖို့ ထိုသားအမိကိုပင် ညီအစ်မဟုထင်စရာအကြောင်းရှိ၏။ အငယ်ဆုံးကောင်လေးကား၊ အပါဟုခေါ်သောသူတို့၏ ငါးနှစ်အ ရွယ် သားလေးဖြစ်၏။ ကောင်လေး၏အမည်မှာ မိုးဝေဟင်ဖြစ် ၏။သွက်လက်ချက်ခြာကာ အဆော့သန်သောကလေးဖြစ်၏။ကား ပေါ်ကဆင်းသည်နှင့် ကျော်ထင်က ..

"ဒါ တို့နေရမယ့်အိမ်ပဲ။ သဘောကျလား ကလေးတို့"

ဟုအိမ်နှင့်မိတ်ဆက်ပေး၏။ သမီးကြီးဖြစ်သူ ဘေဘီက နှုတ်ခမ်းကိုမဲ့ကာ ..

"မန္တလေးကအိမ်ကို မမှီပါဘူး"

ဟုဆိုသဖြင့်၊အမေဖြစ်သူက မျက်စောင်းထိုးကာဟန့်တား လိုက်သည်။အဖေဖြစ်သူ ကျော်ထင်က တစ်ချက်မျက်နှာပျက်သွား သော်လည်း ချက်ချင်းဣန္ဒြေပြန်ဆယ်လိုက်ကာ ..

"သမီးကို ဒီထက်ကောင်းတဲ့အိမ်နဲ့ ဖြစ်နိုင်ရင် နန်းတော် ကြီးနဲ့တောင် ထားချင်တာပေါ့သမီးရယ်။ဒါပေမယ့် ဒီလို နေဖို့တောင် အဖေဘယ်လောက် ကြိုးစားခဲ့ရတယ်ဆိုတာ သမီးအသိပဲ"

"ကဲပါ ...ကလေးပြောတာ စိတ်ထဲမှာထားမနေပါနဲ့အိမ်


www.burmeseclassic.com

www.burmeseclassic.com 

ထဲ ဝင်ကြရအောင်”

ဟုကေသီက၊စကားနည်းရန်စဲဝင်ကာပြောလိုက်လေသည်။ အိမ်ကို ကိုကျော်ထင်က အကောင်းဆုံးဖြစ်အောင်ပြင်ဆင်ထားပါ၏။ သို့သော် မန္တလေးရှိ ကေသီ့မိဘများ၏တိုက်ကြီးကိုတော့ မမှီနိုင်တာ ဝန်ခံပါသည်။

ကေသီနှင့်သူသည် မန္တလေးတက္ကသိုလ်တွင် တွေ့ဆုံကာ၊ ချစ်သူတွေဘဝရောက်ပြီး လက်ထပ်ခဲ့ကြ၏။ ကေသီ့မိဘတွေက ချမ်းသာသည်။ မန္တလေး၏ အဓိကလမ်းမကြီးဖြစ်သော စ၄လမ်းပေါ်တွင်၊ဈေးချိုအနီး၌ကြီးမားသော စိန်နှင့်ပလက်တီနမ်လက်ဝတ်ရတနာဆိုင်ကြီး ဖွင့်လှစ်ထားသူများဖြစ်သည်။ကျော်ထင်မိဘတွေက မရှိမရှားဝန်ထမ်းများ။ ဒီတော့ သူတို့သမီးကို ကျော်ထင်နှင့် သဘောမတူ။နောက်တစ်ချက်က သူတို့က ကိုးကွယ်သည့်ဘာသာမတူကြ။ ကေသီတို့က ဘိုးဘွားလက်ထက်ကတည်းက ခရစ်ယာန်ဘာသာဝင်တွေ။

ကျော်ထင်က ကေသီနှင့်လက်ထပ်ပြီး ကေသီတို့အိမ်မှာ နေရသည်။ ကေသီ့မိဘအလုပ်တွေကို သူတို့ခိုင်းသမျှကူညီသည်။ သို့သော် အများအမြင်မှာရော၊ကေသီ့မိဘတွေအမြင်မှာရော၊ကျော်ထင်သည် မှီခိုကပ်ရပ်ကာစားသောက်နေသည်။ အမြဲတမ်းကေသီ့မိဘနှင့်ဆွေမျိုးတွေက အပေါ်စီးမှ ပြောဆိုဆက်ဆံကြ၏။ ကြာတော့ ကျော်ထင်မခံနိုင်။ ကေသီတို့အိမ်က ဆင်းခဲ့သည်။

“မင်းတို့ကို အိမ်တစ်ဆောင်မီးတပြောင်ထားနိုင်မှ ဒါလာ



www.burmeseclassic.com

www.burmeseclassic.com


ခေါ်မယ်"

ဟုပြောခဲ့၏။သူထွက်ခွာလာစဉ်က ကေသီတွင်အပါလေး ကိုယ်ဝန်ရှိနေလေသည်။ သူကပြောသည့်အတိုင်း ကြိုးစားသည်။ နိုင်ငံခြားသင်္ဘောလိုက်ကာ စုဆောင်းသည်။သူသည်သင်္ဘောလိုင်းတွင် အရာရှိတစ်ဦးအဖြစ်ပင်၊ အမှုထမ်းနိုင်သည့်အဆင့်ရောက်ခဲ့သည်။ ခြောက်နှစ်ရှိခဲ့လေပြီ။ သူ ဤနှစ်ထပ်တိုက်နှင့်ကားလေး တစ်စီးကို ပိုင်ဆိုင်နိုင်ပြီဆိုတော့၊မန္တလေးသွားကာ ဇနီးမယားနှင့် သမီးသားကို ခေါ်ခဲ့သည်။ ကေသီကတော့ သူ့ကိုချစ်သည်။ သူ လာခေါ်မည့်အချိန်ကို စောင့်စားနေခဲ့ရတာအပါလေးတစ်သက်ပဲ။

အပါလေးက အဖေမရှိပဲ ကြီးပြင်းလာရတော့ အစုမှမြင် ဖူးသောအဖေကို၊ကစားစရာအသစ်ရသောကလေးလို သဘောကျ နေသည်။ ကျော်ထင်ကလည်း အစုမှမြင်ရသော သားကလေးကို ချစ်ကာအလိုလိုက်သည်။ ခက်နေတာက ဘေဘီ။ သူ့က ၁၄နှစ် ရှိပြီ။ ရှစ်တန်းတက်နေလေပြီ။သူ့အဖေက သူတို့ကိုပစ်သွားသည် ဟု စိတ်ထဲကထင်မှတ်နေ၏။ အဘွားဖြစ်သူနှင့်သာ နေခဲ့ရသည့် အတွက် အဘွားအပေါ် အဖေထက်ပို၍ သံယောဇဉ်တွယ်တာနေ သည်။ ပြီးတော့ ..

မန္တလေးပတ်ဝန်းကျင်က သူမွေးကတည်းက နေလာခဲ့ရ သော၊ သူ့အတွက်နွေးထွေးသည့် ပတ်ဝန်းကျင်။ ထိုပတ်ဝန်းကျင် မှာပင် သူ့ဆွေမျိုးသားချင်းတွေရှိသည်။သူ့သူငယ်ချင်းတွေရှိသည်။ သူ ခင်မင်တွယ်တာစရာတွေရှိသည်။ ထိုအရာများကိုရုတ်တရက်


www.burmeseclassic.com

www.burmeseclassic.com


ပစ်ကာ၊သူ့အဖေခေါ်ရာ ရန်ကုန်သို့လိုက်ပါလာခဲ့ရသည်ကို ဘယ်လိုမှ ဘဝင်မကျနိုင်ပဲရှိနေလေသည်။ပထမတော့ "အမေတို့ပဲသွားပါ။ သူကအဘွားနဲ့ပဲနေခဲ့မယ်" ဟုပြောသေး၏။ အမေကလက်မခံ။

"နင့်အဖေကိုသနားပါဦး။ တို့မိသားစု ဒီလိုတစ်စုတစ်ဝေးတည်းနေနိုင်ဖို့ သူဘယ်လောက်.. ကြိုးစားခဲ့ရသလဲ။ ပြီးတော့ သမီးမပါရင် သမီးမောင်လေးကလည်း ပျော်မှာမဟုတ်ဘူး"

ဟုတောင်းပန်သဖြင့်သာ လိုက်လာခဲ့ရခြင်းဖြစ်သည်။

"ကဲ .. ဘယ်လိုလဲ။ သမီးအခန်းကို ကျေနပ်ရဲ့လား"

သူ့အခန်းတံခါးကိုဖွင့်ပြရင်း သူ့အဖေက မေးလိုက်သည်။ သူပန်းရောင်ကြိုက်တာကို သူ့အဖေက မမေ့သေးဟန်မတူ။ နံရံကိုသာမက ကုတင်၊ စာကြည့်စားပွဲနှင့် လိုက်ကာတွေကိုပါ သူ့အဖေက ပန်းရောင်ဆင်ထား၏။ မွေ့ယာနှင့်ခေါင်းအုံး၊ စောင်တွေကပန်းပွင့်ဖြူလေးတွေဖေါက်ထားသော မိုးပြာနုရောင်။ ဒီတစ်ချက်တော့ သူ့အဖေကို သူ ရင်ထဲကကြိတ်ကာအမှတ်ပေးလိုက်သည်။

"ပထမတော့ မောင်လေးနဲ့သမီးကို တစ်ခန်းထဲထားမလို့။ ဒါပေမယ့် သမီးနေရတာကျဉ်းနေမှာစိုးလို့ သူ့ကိုအဖေတို့အခန်းထဲမှာပဲ ကုတင်တစ်လုံး ဆင်ပေးလိုက်တယ်"

"ကျေးဇူးတင်ပါတယ်"

သူ့အဘွားက ဒီလိုပြောရမယ်ဟု သင်ပေးထားခြင်း ဖြစ်


www.burmeseclassic.com

www.burmeseclassic.com


သည်။ ကျော်ထင်ကတော့ သမီးဖြစ်သူ၏ သူ့စိမ်းဆန်ဆန်အပြော အဆိုကြောင့် ပြုံးလိုက်မိ၏။ အင်းလေ ..သားအဖဆိုသော်လည်း သူတို့ကွဲနေတာ ငါးနှစ်ကျော်ရှိခဲ့ပြီ။ ဤအတောအတွင်းသူမြန်မာ ပြည်သို့ နှစ်ခေါက်သုံးခေါက်ပြန်လာဖြစ်သော်လည်း၊ မန္တလေးသို့ သွားကာ မိသားစုနှင့်မတွေ့ဆုံခဲ့။ ကြာရင်တော့သူနှင့်ပြန်ကာရင်း နီးမှုရသွားလိမ့်မည်ဟုသာ ကျော်ထင်က ဖြေတွေးတွေးလိုက်၏။

ထိုအချိန်၌ ကေသီသည်မီးဖိုဆောင်ထဲဝင်ကာ၊ကြည့်ရှုစစ် ဆေးနေ၏။ သူ့ယောကျ်ားကျော်ထင်ကို သူချစ်သည်။တက္ကသိုလ် ကျောင်းသူကျောင်းသား ဘဝကပင် ချစ်ခဲ့သူတွေဖြစ်သည်။ ဒါ ကြောင့် မိဘတွေက ကန့်ကွက်နေသည့်အကြားမှ ခွတ်လက်ထပ် ယူခဲ့ခြင်းဖြစ်သည်။ အိမ်ထောင်သက်တစ်လျှောက်မှာလည်း သူ့မိ ဘတွေနှင့်သူ့ယောကျ်ား၊ ဆက်ဆံရေး အဆင်မပြေကြသဖြင့် သူ ပင်စိတ်ညစ်ခဲ့ရသည်။

သူ့ယောကျ်ားအိမ်ပေါ်ကဆင်းသွားတော့၊တားလည်းမတား နိုင်ခဲ့။ လိုက်လည်း လိုက်မသွားနိုင်ခဲ့။ထိုအချိန်၌ သူ့တွင်ကလေး တစ်ယောက်နှင့်တစ်ဗိုက်ရှိနေပြီ။ "မင်းတို့သားအမိကို ငါပြန်လာ ခေါ်မယ်။ မကြာခင် တို့မိသားစု အတူတူနေကြမှာပါ" ဟုအိမ် ကဆင်းစဉ်က ကျော်ထင်ပြောခဲ့၏။ သို့သော် သူမကြာခင်ဆိုတါ က ခြောက်နှစ်လောက်ကြာခဲ့သည်။ ဘာပဲပြောပြော ..အခုတော့ သူတို့မိသားစုတွေ အတူတူပြန်နေကြရသည်။ တိုက်က နှစ်ထပ် တိုက်ဆိုသော်လည်း၊ ရောင်းတမ်းဆောက်ထားခြင်းသာဖြစ်သဖြင့်


www.burmeseclassic.com

www.burmeseclassic.com 

မန္တလေးရှိ သူတို့တိုက်နှင့်တော့ ဘယ်လိုမှယှဉ်မရ။ဆီနဲ့ရေလိုကွာခြားတာအမှန်။ သို့သော် .. ကိုယ်ချစ်တဲ့ခင်ပွန်းနဲ့ အတူတူနေရမယ်ဆိုတော့၊အနည်းငယ်အနေဆင်းရဲတာကို ဆင်းရဲတာဟုမထင်တော့။ အခုပဲကြည့်။ ဒီအိမ်ရောက်ကတည်းက ကေသီပျော်ရွှင်နေသည်။

သူက မီးဖိုထဲလျှောက်ကြည့်ရင်း၊ နံရံတွင်ကပ်ထားသော ကြောင်အိမ်တံခါးလှပ်နေတာကို သတိထားမိသည်။

"ကိုကျော်ထင်ရေ"

သူကလှမ်းအော်လိုက်၏။လူမနေသောအိမ်မှာ၊ဘာကြောင့်ဒီကြောင်အိမ်က လှုပ်နေရသနည်း။ သရဲခြောက်တာပဲလား။သရဲတစ္ဆေအကြောင်းရေးထားသော ဝတ္ထုတွေထဲမှာတော့ အဲဒီလိုဘာမှမရှိပဲလှုပ်နေတာကို သရဲခြောက်တယ်ဟုဆိုကြသည်။ သူ့အော်သံကြောင့် ကိုကျော်ထင်အပြေးအလွှားရောက်လာကာ ..

"ဘာဖြစ်တာလဲ ကေသီ"

မေးတော့ လှုပ်နေသော ကြောင်အိမ်ကို လက်ညှိုးထိုးပြလိုက်ရင်း ..

"သရဲ .. သရဲ ..ခြောက်တာလားဟင်"

ဟု အထိတ်တလန့်ပြောမိ၏။ သူက ရယ်ကာ ..

"ကလေးမဟုတ်ဘာမဟုတ် ကေသီရယ်။ လူမနေတဲ့အိမ်အသစ်မှာ ဘယ်ကသရဲရှိရမှာလဲ။ပြီးတော့နေ့ခင်းကြောင်တောင်ကြီး"



www.burmeseclassic.com

www.burmeseclassic.com


"ဒါဆိုအထဲက ဘာကြီးလဲ"

ဆိုတော့လည်း သူမဖြေတတ်။ တစ်ခုခုတော့တစ်ခုခုပင်။ သူက အရဲစွန့်ကာ ထိုကြောင်အိမ်အနားချဉ်းကပ်သွား၏။ မိန်းမတစ်ယောက်ရှေ့မှာ သူကြောက်လန့်သည့်ပုံသဏ္ဌာန်ဖော်ပြ၍မဖြစ်။ သူတို့သားအမိက ကိုယ့်ကိုအားကိုး နေကြမည့်သူတွေ။ ကိုယ်က ဒီလို ကြောက်နေမယ်ဆိုရင် ..

သူက အနားကပ်သွား၍ ကြောင်အိမ်တံခါးကိုဆွဲဖွင့်မည်ပြုစဉ်မှာပင်၊ ကြောင်အိမ်တံခါးက ဝုန်းကနဲပွင့်သွား၍ အထဲမှ မည်းမည်းနက်နက် အရာဝတ္ထုကြီးတစ်ခု ခုန်ထွက်လာလေရာ ..


www.burmeseclassic.com

www.burmeseclassic.com

“နိုင်းတဲ့အိမ်ဖေါ်မလေး အသတ်ခံရတာ။ သတ်ပြီးဘီရိုထဲ ထည့်ပိတ်ထားတာတဲ့။ သေနေတာသုံးလေးရက်ရှိပြီ။ပုတ် စော်နံ့လို့ မခံမရပ်နိုင်ဖြစ်ပြီး ဘေးအိမ်ကလူတွေက ရဲကို ခေါ်ပြီး ဝင်ရှာတော့ အလောင်းတွေ့တာပဲ”

## ( ၂ ) ကြောက်မက်ဘွယ်ရာရုပ်အဆင်း



www.burmeseclassic.com

www.burmeseclassic.com

## ( ၂ ) ကြောက်မက်ဘွယ်ရာရုပ်အဆင်း

"အမေ့ .."

ဟုအလန့်တကြားအော်သံဖြင့် ကေသီက၊နောက်ပြန်ဆုတ်လိုက်ရာ ကြမ်းပြင်ပေါ်ဖင်ထိုင်လျက်လဲကျသွားသည်။ရုတ်တရက်ကျော်ထင်ကိုယ်တိုင်ပင် လန့်သွားမိသော်လည်း၊ ကြောင်အိမ်ထဲမှခုန်ထွက်လာသောအရာမှာ၊ကြောင်နက်ကြီးတစ်ကောင်မှန်းသိလိုက်ရသောအခါတွင်မှ ပေါ့ပေါ့ပါးပါးပြုံးမိလေသည်။ကြောင်နက်ကြီးက နောက်ဖေးမီးဖိုပြတင်းပေါက်မှ ခုန်ထွက်သွားသည်။ ကျော်ထင်က ခဲနှင့်ပေါက်မည်ဟုလိုက်ရာ ..

ကပ်လျက်ခြံ၏အုတ်တံတိုင်းပေါ်ကျော်တက်ပြီး၊တစ်ဖက်ခြံထဲခုန်ဆင်းသွားလေသည်။သူ့ဘေးကို ကေသီရောက်လာကာ ..



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်အိမ်က ကြောင်နဲ့တူပါတယ်..ကိုကျော်ထင်ရယ်။ လုပ်မနေပါနဲ့။ အိမ်နီးချင်းစကားတွေ များနေပါဦးမယ်"

ဟုတားမြစ်သဖြင့် လက်ထဲကခဲကိုပစ်ချလိုက်ရသည်။သူက ခွေးတွေကြောင်တွေ မွေးလေ့မရှိ။ ချစ်လည်းမချစ်တတ်။

ညနေမိသားစုလေးယောက် ထမင်းဆုံစားရသောအခါ၊ငါးနှစ်လုံးလုံးသူတောင့်တခဲ့ရသည့် ဆန္ဒတွေပြည့်ဝလေပြီဟု၊ ကျော်ထင်ဝမ်းသာနေမိသည်။သို့သော်ထမင်းစားနေရင်း ဘေဘီ၏လက်ကိုင်ဖုန်းက မြည်လာ၏။ ဘေဘီကကောက်ကိုင်ကြည့်ရင်း ..

"ဘွားဘွားဆီက .." ဟုပြောလိုက်၏။

မန္တလေးက သူ့ဘွားဘွား ဖုန်းဆက်ခြင်းဖြစ်သည်။ တစ်ဘက်ကပြောသံကို မကြားရသော်လည်း၊ ဘေဘီပြန်ဖြေနေသံကို ကြားရခြင်းအားဖြင့် ဤရန်ကုန်ရှိအိမ်အခြေအနေအကြောင်း မေးနေမှန်း သဘောပေါက်လေသည်။ ဘေဘီက ..

"တိုက်လား။ တိုက်ကနှစ်ထပ်သာဆိုတယ်။သေးသေးလေးပါအဘွားရယ်၊ဘေဘီ့အခန်းထဲမှာလည်း တယ်လီဗေးရှင်းမရှိဘူး။ ပြီးတော့ ဒီအိမ်မှာ အင်တာနက်တပ်မထားဘူးအဘွား။ ကားကလည်း အဖေစီးနေတဲ့ ကားစုတ်တစ်စီးပဲရှိတယ်"

ဟုတ်တော့ဟုတ်သည်။မန္တလေးတိုက်မှာက ..အိပ်ခန်းတစ်ခန်းတွင် ရုပ်မြင်သံကြားအပေါ်စက် အောက်စက်တစ်စုစီရှိသည်။ ပြီးတော့ ဦးလေးဆရာဝန်၏စာကြည့်ခန်းထဲမှာ အင်တာနက်တပ်



www.burmeseclassic.com

www.burmeseclassic.com


ထားသဖြင့်၊ ဘောဘီအချိန်မရွေး အသုံးပြုနိုင်သည်။ပြီးတော့..မော်တော်ကားကလည်း လေးစီးတောင်ရှိ၏။ ဘောဘီလေး ကျောင်းသွားကျူရှင်သွားစီးဖို့က တစ်စီးဖြစ်သည်။

ကျော်ထင်က မျက်နှာပျက်နေသည်။ကေသီက ကန့်ကွက်သည်။

"ဘောဘီ ဘာတွေပြောနေတာလဲ"

"ဟုတ်တာပြောနေတာပဲ"

ဟုပြောကာ ..

"အသွားနဲ့ အိပ်ခန်းထဲမှာ စကားသွားပြောဦးမယ်"

ဟုပြောကာ ထမင်းစားပွဲမှ ထသွားလေသည်။ကေသီက

"ရှင် စိတ်မကောင်းဖြစ်မနေနဲ့"

"ဖြစ်တယ်။ ငါ့သမီးကိုငါ ..ပြည့်စုံအောင်မထားနိုင်တဲ့အတွက် စိတ်မကောင်းဖြစ်တယ်..။ ဧည့်ခန်းထဲတယ်လီဖေးရှင်းကို သမီးအခန်းထဲ ရွှေ့ပေးလိုက်ပါ"

"မလိုပါဘူး၊မနက်ဖြန် ..အသစ်တစ်လုံးဝယ်တပ်ပေးလိုက်မယ်။ ကျွန်မမှာ ပိုက်ဆံပါပါတယ်"

ပျော်စရာထမင်းဝိုင်းကလေး ပျက်စီးသွားသည်ဟု ထင်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ရှေ့အပေါ်ထပ် စရံတာမှ ထွက်ကြည့်လိုက်သောအခါ၊တိတ်ဆိတ်ငြိမ်သက်နေသော သူတို့၏ဟောဝန်အိမ်ယာစခန်းကို မြင်တွေ့ရလေသည်။ ဤအိမ်ယာစခန်းမှာ တည်ဆောက်ပြီးစဖြစ်သဖြင့်လည်းကောင်း၊မြို့နှင့်အတန်ငယ်အလှမ်းဝေးနေသဖြင့်လည်းကောင်း၊ ဈေးသက်သာသော်လည်း လာရောက်နေထိုင်သူ နည်းပါးလေသည်။ သူတို့လမ်းထဲတွင်ပင် လုံးချင်းအိမ်ယာအလုံး(၂၀) ကျော်ခန့်ရှိသော်လည်း၊ လူနေသောအိမ်မှာ (၅)အိမ်ခန့်သာရှိ၏။ သူတို့နှင့်ကပ်လျက်ခြံနှစ်ခြံရှိသည့်အနက် ခေါင်းရင်းခြံတွင်သာလူနေသည်။ ကြောင်နက်ဝင်သွားသောခြံဖြစ်သည်။ ခြေရင်းခြံတွင် လူမနေ။

ခေါင်းရင်းခြံတွင် လူနေသည်ဆိုသော်လည်း လူအရိပ်အယောင်ကိုကား၊ တွေ့ရခဲလှ၏။ကွန်ကရစ်လမ်းမကြီးတစ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com


လုံးတွင် လမ်းဓါတ်မီးတိုင်တွေက၊ အစွမ်းကုန်လင်းလက်နေသော်လည်း လမ်းထွက်နေသူဟူ၍တစ်ယောက်မှမရှိပဲ ရှင်းလင်းခြောက်ကပ်နေ၏။ လူရှိသောအိမ်တချို့သာ မီးထွန်းထားသဖြင့်လင်းနေကာ၊လူမရှိသောတိုက်များကား၊မှောင်နှင့်မည်းမည်းရှိနေလေသည်။ သူ့ဘေးကို ကေသီရောက်လာ၏။ သူက ..

"ကလေးတွေ အိပ်ကုန်ပြီလား"

မေးတော့ ကေသီကခေါင်းညိတ်ပြသည်။ ပြီးတော့တိတ်ဆိတ်ခြောက်ကပ်နေသော အိမ်ယာစခန်းကိုမျှော်ကြည့်နေသဖြင့်

"အခုနေတော့ လူတွေသိပ်ရောက်မလာသေးဘူး။ နောက်ကျရင်တော့ စည်ကားသွားမှာပါ ကေသီ"

ဟုနှစ်သိမ့်စကားပြောလိုက်ရ၏။ကေသီကသဘောပေါက်စွာဖြင့် ..

"ဒါတွေက ကေသီ့အတွက်မလိုပါဘူး။ မိသားစုနဲ့ဆိုရင် ဘယ်မှာပဲ နေရနေရပါ။ ကလေးတွေအတွက်သာ .."

"သူတို့လည်း တော်တော်ကြာနေသားကျရင်..ပျော်သွားမှာပါကွာ"

"ရှင် .. ဘောဘီကျောင်းတက်ဖို့ရော စီစဉ်ပြီးပြီလား"

မေးတော့ ကျော်ထင်ကခေါင်းညိတ်ပြလိုက်သည်။ သူက လွန်ခဲ့သောတစ်ပတ်ကပင် ရောက်လာကာ၊ ကြိုတင် စီစဉ်ထားခဲ့သည်။

"သူတက်ရမယ့်ကျောင်းက သိပ်မဝေးပါဘူး။ တို့အိမ်သာ


www.burmeseclassic.com

www.burmeseclassic.com


စခန်းရဲ့ အပြင်မှာတင်ပါ"

"အိမ်မှာ ပစ္စည်းတွေ နေရာချထားဖို့ကိစ္စနဲ့ ကျွန်မလည်း မနက်ဖြန် အလုပ်ရှုတ်ဦးမယ်ထင်တယ်။ဒီနေ့တော့ ..ဘာမှမလုပ်နိုင်ဘူး။ ဒီအတိုင်းထားရမှာပဲ"

ဟုကေသီက ပြီးသည်။ ကျော်ထင်က ..

"ဒီရုပ်ကွက်ထဲမှာ ဒီလို အောက်ခြေသိမ်း အလုပ်လုပ်တဲ့ မခင်ဆိုတဲ့ မိန်းမရှိတယ်၊ ငါ မနက်ဖြန်ကျရင် ခေါ်ပေးမယ်။ မင်းအတွက် အကူအညီရတာပေါ့"

သို့သော် ..


www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ အိမ်ယာစခန်းနှင့်မလှမ်းမကမ်းတွင်ရှိသော ဈေးသို့ ကေသီသွားခဲ့သည်။ အပြန်တွင် အိမ်ယာဝန်း အတွင်းရှိ အိမ်တစ်အိမ်ရှေ့၌ လူတွေဝိုင်းအုံနေသဖြင့်၊ ရပ်ကာစုံစမ်းကြည့်မိသည်။

"ဘာတွေဖြစ်နေတာလဲ ဟင်"

ဝန်းထဲတွင် ရဲတွေရော၊ဆေးရုံဝန်ထမ်းတွေပါ ရှုတ်ထွေးနေကြ၏။ မိန်းမကြီးတစ်ယောက်က ..

"လူသတ်မှုဖြစ်လို့ .."

ဟုပြောရာ ကေသီလန့်သွားမိ၏။ ထိုမိန်းမကြီးက ..

"ခိုင်းတဲ့အိမ်ဖေါ်မလေး အသတ်ခံရတာ။ သတ်ပြီးဘီရိုထဲ ထည့်ပိတ်ထားတာတဲ့။ သေနေတာသုံးလေးရက်ရှိပြီ။ပုတ် စော်နံလို့ မခံမရပ်နိုင်ဖြစ်ပြီး ဘေးအိမ်ကလူတွေက တာ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ရှိတဲ့သူတွေကို အကြောင်းကြားတယ်။ ရဲကိုခေါ်ပြီးဝင်ရှာတော့ အလောင်းကိုတွေ့တာပဲ၊ မတရားစော်ကားပြီးသတ်ထားတာတဲ့။ သတ်တဲ့သူက ..အိမ်ရှင်ပဲဖြစ်မယ်။ ဒီအိမ်မှာ ဒီလူကြီးတစ်ယောက်ပဲနေတာ။ အခုတော့ ထွက်ပြေးတိမ်းရှောင်နေတယ်”

ကြားရတဲ့စကားတွေက နလုံးတုန် ရင်ခုန်စရာဖြစ်သည်။ အိမ်ကို ခတ်သွက်သွက်ခြေလှမ်းများဖြင့် ပြန်လာခဲ့၏။ ဤအိမ်က သူတို့အိမ်နှင့်တော့ သုံးလေးလမ်းမျှခြား၏။ ဘာပဲပြောပြော ဒီကိစ္စကို ကလေးတွေသိ၍မဖြစ်။ ဖုံးဖိထားရမည်။ နို့မို့ သူတို့ကလေးတွေ ကြောက်လန့်ကုန်နိုင်သည်။ အိမ်ရောက်၍မီးဖိုခန်းထဲမှာ ဝယ်လာသောပစ္စည်းတွေချနေစဉ် ကျော်ထင် ရောက်လာကာပြော၏။

“ကေသီရေ .. မင်းတော့ပင်ပန်းတော့မှာပဲ။ မခင် မလာနိုင်တော့ဘူး”

“ဘာဖြစ်လို့လဲ ..”

“အသတ်ခံလိုက်ရလို့”

ကေသီက အံ့အားသင့်စွာ ..

“ဒါ့ဆို ကျွန်မကြားခဲ့ရတဲ့ အသတ်ခံရတဲ့သူက ..”

“ဟုတ်တယ်။ မခင်ပဲ .. သနားပါတယ်ကွာ။ ဒီမိန်းမက ဆင်းရဲလွန်းလို့ ဒီရပ်ကွက်ထဲ လာအလုပ်လုပ်တာ။ ဇိမ်ထောင်ရှင်းလင်းပေးတယ်။ အဝတ်လျှော် ထမင်းချက်ပေး



www.burmeseclassic.com

www.burmeseclassic.com


တယ်။ သတ်တဲ့သူကတော့ တော်တော်လူမဆန်တဲ့သူပဲ”

အသံကြား၍လှည့်ကြည့်လိုက်တော့.. မီးဖိုတံခါးဝ၌ရပ်နေသော ဘေဘီကိုတွေ့ရ၏။ဒီကလေးက သူတို့ပြောသမျှကြားသွားဟန်တူသည်။ ကေသီက ..

“သမီး ခုနပြောလိုက်တာတွေ ကြားလား”

“ကြားတယ်..၊ မစိုးရိမ်ပါနဲ့။ သမီးကလေးမဟုတ်တော့ပါဘူး အမေ”

ဟု မျက်နှာထားတည်တည်ဖြင့်ပြော၏။ သူ့အဖေက ..

“အေးလေ ..မောင်လေးတော့မသိစေနဲ့”

ဟုတားမြစ်လိုက်၏။ ဘေဘီက ဘာမှမပြော။ မီးဖိုထဲဝင်လာကာ ရေခဲသေတ္တာကိုဖွင့်၍ အထဲမှသံဗူးတစ်ဗူးယူကာ၊ပြန်ထွက်သွားလေသည်။ ကေသီကတော့ တစ်နေ့လုံးစိတ်ထဲတွင် မကြည်မသာဖြစ်နေသည်။

သူတို့ပြောင်းလာပြီး နောက်တစ်ရက်မှာပင် ဒီလိုလူသတ်မှုနဲ့ ကြုံတယ်ဆိုတာက၊ ကောင်းမွန်သော နိမိတ်လက္ခဏာတော့မဟုတ်။ ဒါကြောင့် စိတ်တွေ လေးလံနေခြင်းဖြစ်သည်။ ထိုစဉ်မန္တလေးမှ အမေ့ဆီကဖုန်းဝင်လာ၏။ နားထောင်လိုက်တော့ ထုံးစံအတိုင်း အမေက ကိုကျော်ထင်ကို အပြစ်တင်စကားပြောတော့သည်။

“ကလေးတွေကိုခေါ်သွားပြီး ဘယ်လိုထားနေတာလဲ။ဘေဘီဖုန်းဆက်တယ်။သူ့အခန်းက တယ်လီဗေးရှင်းလည်းမရှိ


www.burmeseclassic.com

www.burmeseclassic.com


ဘူး။ လေအေးပေးစက်(အဲယားကွန်း)လည်း ..မရှိဘူးဆို။ ရန်ကုန်မှာဒီလောက်ပူတာ နင်တို့ ဘယ်လိုလုပ်နေကြသလဲ၊ ကလေးကိုအမြန်ဆုံး တယ်လီဗေးရှင်းဝယ်ပေးလိုက်။ ငါ မန္တလေးက ပိုက်ဆံတင်ပေးလိုက်မယ်"

"ကားကလည်း တစ်အိမ်လုံးမှ တစ်စီးတည်းသုံးနေတာဆို ကလေးတွေ ကျောင်းကြို ကျောင်းပို့လုပ်ဖို့၊ တစ်စီးတော့ ဝယ်မှပေါ့။ ငါပြောတာတွေ ညည်းယောကျ်ားကျော်ထင်ကိုပြန်ပြောပြလိုက်။နဂိုကတည်းက ငါကသူနဲ့ထည့်လိုက်ချင်တာမဟုတ်ဘူး။ ဒီလို အစားဆင်းရဲ အနေဆင်းရဲဖြစ်နေရင် ငါ့မြေးတွေကို ငါလာခေါ်မယ်လို့"

ကေသီက သူ့အမေကိုအတော်ပင် တောင်းတောင်းပန်ပန်နှင့်ရှင်းပြလိုက်ရသည်။ သူ့ယောကျ်ားကျော်ထင်သာသိလျှင် စိတ်မကောင်းဖြစ်ပေဦးမည်။တကယ်တော့ ကျော်ထင်ကလည်း သူ့အတတ်နိုင်ဆုံး မိသားစုအတွက် အဆင်ပြေအောင်၊ စီမံဆောင်ရွက်ထားခြင်းဖြစ်လေသည်။

နောက်တစ်နေ့တွင် အပါသည် သူတို့တိုက်ရှေ့ခြံထဲတွင်၊ သူ့အစ်မနှင့် ကစားနေ၏။ သူတို့မောင်နှမနှစ်ယောက် ဘောလုံးကန်တမ်း ကစားနေခြင်းဖြစ်၏။ အပါကန်သမျှ ဘောလုံးတွေကို ဘောဘီကဖမ်းနေရသည်။တစ်ကြိမ်တွင် အပါကန်လိုက်သောဘောလုံးက ဝန်းခြံတံတိုင်းကိုကျော်ကာ၊ တစ်ဘက်ခြံထဲသို့ ကျရောက်သွားလေသည်။


www.burmeseclassic.com

www.burmeseclassic.com


"မမ ဘောလုံးကောက်ပေးပါ"

ဘေဘီက ..အုတ်တံတိုင်းနား သွားကြည့်လိုက်သောအခါ တစ်ဘက်ခြံထဲတွင်ကျနေသော ဘောလုံးကိုတွေ့ရ၏။ပထမတော့ အုတ်တံတိုင်းကိုကျော်တက်မည် စိတ်ကူးလိုက်၏။ သို့သော် မိန်း ကလေးဖြစ်နေကြောင်း ကိုယ့်ကိုယ်ကိုယ်တွေးမိသောအခါ၊ထိုစိတ် ကူးကိုပယ်ဖျက်ပစ်လိုက်ကာ တစ်ဘက်ခြံရှေ့ထွက်လာခဲ့၏။

ခြံတံခါးကစေ့ရုံစေ့ထားသဖြင့် သူကတွန်းဝင်လာခဲ့သည်။ ခြံထဲတွင် ဘယ်သူမှမတွေ့ရ။ အဲ .. ခြံဘေးတွင်ဘီးတပ်ကုလား ထိုင်တစ်လုံးကိုတော့ တွေ့ရ၏။ ဘီးတပ်ကုလားထိုင်တွင် သူ့ကို ကျောပေးထိုင်နေသော မိန်းကလေးတစ်ယောက်ကိုမြင်ရ၏။ဘော လုံးကလည်း ထိုဘီးတပ်ကုလားထိုင်ဘေးတွင် ကျနေသည်။

ဘေဘီက ..ထိုဘီးတပ်ကုလားထိုင်အနီးသို့ လျှောက်သွား ကာ ဘောလုံးကိုကောက်ရင်းမော့ကြည့်လိုက်သည်။ ထိုအချိန်မှာ ပင် ဘီးတပ်ကုလားထိုင်ပေါ်တွင်ထိုင်နေသည့် မိန်းမ၏ရုပ်ရည်ကို မြင်လိုက်ရ၏။

ရုပ်ဆိုးသည်ဆိုသောသူများကို ဘေဘီမြင်ဖူးပါသည်။သို့ သော် ဒီမိန်းမပုံစံက ရုပ်ဆိုးသည်ဟူသောစကားလုံးထက် များစွာ ပို၍နေပါသည်။ သူ့ပုံစံက လူရုပ်ပုံစံမပေါက်။ သရဲရုပ်ပုံစံပေါက် နေသောကြောင့်ပင်။

မျက်နှာတစ်ခုလုံးမှာ ဒဏ်ရာအမာရွတ်များဖြင့် ပြည့်နှက် နေကာ အရေပြားတွေက ရှုံ့တွနေ၏။ လူအသားအရေမျိုးလည်း


www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပဲ ပြူကြွက်နေ၏။တွန့်လိမ်ကောက်ကွေးနေသော နှုတ်ခမ်းများကလည်း ပုံမှန်ပါးစပ်တစ်ခုနှင့်မတူတော့။ခေါင်းတစ်ခြမ်းပေါ်မှာ ဆံပင်တွေမရှိတော့။ မြင်ရဟန်မတူသောမျက်လုံးတစ်ဖက်က အပြင်သို့ ဂေါလီလုံးတစ်လုံးလို ပြူးထွက်နေလေသည်။ ပြီးတော့ လက်တစ်ဖက်ကလည်း၊အကြောလိုက်နေသကဲ့သို့ကောက်ကွေးတွန့်လိမ်လျက်ရှိ၏။ အတော်အတန်သတ္တိကောင်းသည် ဆိုသူများပင် ရုတ်တရက်တွေ့ရပါက၊ သွေးပျက်ခြောက်ခြား သွားစေနိုင်သည့် ရုပ်ရည်မျိုးဖြစ်သည်။ ထို့ကြောင့် ဘောဘီကမြင်သည်နှင့်လန့်ကာ အော်ဟစ်လိုက်မိသည်။

ဒီတော့ အိမ်ထဲကလူကြီးတစ်ယောက်ထွက်လာ၏။ ဒီလူကြီးက အသက်(၅၀)ကျော်ခန့်ရှိဟာ ထွားကြိုင်း၏။ ဘောင်းဘီရှည်နှင့်၊ ဟာဝေယံရှပ်အင်္ကျီကို အပြင်ထုတ်ဝတ်ထား၏။သူ့မျက်လုံးတွေက ရီဝေဝေ။ ပြီးတော့ သူ့မျက်နှာကရဲရဲနီနေသဖြင့်၊ အရက်သေစာ သောက်စားထားသူတစ်ဦးမှန်း သိသာ၏။

"မင်းက တို့ခြံထဲကို ဘာလာလုပ်တာလဲ .."

"ကျွန်မက ဟိုဘက်ခြံကပါ။ ဒီခြံထဲကိုဘောလုံးကျသွားလို့ လာကောက်တာပါ"

"ဘာပဲဖြစ်ဖြစ် တို့ခြံထဲကို ခွင့်တောင်းပြီးမှ ဝင်သင့်တာပေါ့၊ပြီးတော့ ငါ့မိန်းမကိုမြင်တာ မင်းကသရဲတစ်ကောင်မြင်သလို ဘာကြောင့် ကုန်းအော်ရတာလဲ။ ကဲ မင်းဒီက မြန်မြန်ထွက်သွားတော့"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့ .. ဟုတ်ကဲ့"

ဘဘကြီးကလည်း ဒီခြံကြီးထဲမှာ တစ်စက်ကလေးမှ၊ မနေချင်တော့ပါ။ ဒါကြောင့် ခတ်သွက်သွက် ထွက်လာခဲ့သည်။ ခြံဝရောက်၍ပြန်ကြည့်လိုက်သောအခါ သူ့မိန်းမတင်ဆောင်ထားသောဘီးတပ်ကုလားထိုင်ကို၊ အိမ်ထဲသို့တွန်းယူသွားသည့် ထိုလူကြီး၏နောက်ကျောကို မြင်လိုက်ရလေသည်။


www.burmeseclassic.com

www.burmeseclassic.com

အဝတ်အစားစုတ်စုတ်ပြတ်ပြတ်နှင့်ထိုင်နေသော မိန်းမကို တွေ့ရသည်။ ဆံပင်ဖါးလျားတွေက သူ့ကျောပေါ် ဖုံးနေသည်။ သူက ..ခြေတစ်လှမ်းချင်းတိုးကပ်သွားနေစဉ် ထိုမိန်းမက ဆတ်ကနဲမျက်နှာကို၊ သူ့ဘက်လှည့်ကြည့်လိုက်သောအခါ ..

( ၃ ) လမ်းမကြီးပေါ်မှတစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com

## ( ၃ ) လမ်းမကြီးပေါ်ကတစ္ဆေ

အိမ်ကိုပြန်ရောက်လာသောဘောဘီကို၊ သူ့အမေကေသီက အကျိုးအကြောင်းမေးကာ ..

"ဟုတ်တာပေါ့။ သမီးကရိုင်းသလိုဖြစ်သွားတယ်။ တစ်အချက်က သူများခြံထဲကို အခွင့်မတောင်းပဲဝင်တာ၊ နှစ်အချက်က ဘယ်လောက်ပဲအရုပ်ဆိုးဆိုး သူ့ကိုမြင်ပြီး သမီးကလန့်အော်တာ။သမီးပြောတဲ့အတိုင်းဆို ဒုက္ခိတကြီးထင်ပါတယ်။ သနားစရာတောင် ကောင်းသေးတယ်။ ဒီကိစ္စအတွက် မေမေသွားတောင်းပန်လိုက်မယ်"

ဟု ပြေရာပြေကြောင်းပြောသည်။ ဘောဘီက ..

"မေမေသွားချင်သွား။ သမီးတော့မလိုက်ဘူးမေမေ။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com


မိန်းမရဲ့ မျက်နှာကြီးကို ပြန်မြင်ရမှာကြောက်တယ်"

"သမီးအဖေပြန်လာရင် ပြောလိုက်"

ဟုပြောကာ ကေသီက၊ ရေခဲသေတ္တာထဲမှ ကိတ်မုန့်တစ်လုံးကို လက်ဆောင်ပေးရန်ထုတ်ယူပြီး တစ်ဘက်ခြံသို့ထွက်လာခဲ့သည်။ ကျော်ထင်က မိတ်ဆွေတစ်ဦး၏ကုမ္ပဏီတွင်အလုပ်ဝင်ရန် စီစဉ်နေသဖြင့်၊ အိမ်တွင်မရှိ။

ခြံတံခါးဝကလှမ်းကြည့်သော်လည်း၊လူရိပ်လူယောင်မမြင်ရ။ ထို့ကြောင့် စေ့ထားသောခြံတံခါးကိုဖွင့်ကာ အိမ်ထဲဝင်လာခဲ့သည်။ အိမ်တံခါးဝရောက်ပြီး ဘဲလ်နှိပ်လိုက်သောအခါ အသက်(၅၀)ကျော် အရုပ်မြင့်မြင့်တုတ်ခိုင်သော လူတစ်ယောက် တံခါးလာဖွင့်ပေးသည်။

"ဘာကိစ္စလဲ .."

ဟုအသံပြတ်ပြတ် မျက်နှာထားတင်းတင်းနှင့် မေးသည်။ သူ့ထံမှ အရက်နံ့ထောင်းကနဲထွက်လာ၏။

"ကျွန်မက ဟိုဘက်ခြံကို တစ်နေ့ကပြောင်းလာတဲ့သူပါ။ ကေသီလို့ခေါ်ပါတယ်။ အိမ်နီးနားချင်းမို့ နှုတ်ဆက်တာပါ"

ထိုသူက ခေတ္တအကဲခတ်ကြည့်ပြီးမှ၊ အထဲဝင်ဖို့ဖိတ်ခေါ်သည်။

"ကျွန်မသမီးဘေဘီက ဒီခြံထဲကိုခွင့်မတောင်းပဲဝင်ခဲ့မိတဲ့အတွက်လည်း တောင်းပန်ရအောင်လာတာပါ"


www.burmeseclassic.com

www.burmeseclassic.com



ညှိခန်းမှာ စိတ်ညစ်ညူးဖွယ်ရာ မှိုင်းပျနေသည်။ပြတင်းပေါက်တွေကိုလည်း ပိတ်ထား၏။မှန်ပြတင်းတံခါးများဖြစ်သဖြင့် အလင်းရောင်ဝင်သော်လည်း လေမဝင်သဖြင့်၊ အခန်းထဲတွင်နေရသည်မှာ အသက်ရှူကြပ်သကဲ့သို့ဖြစ်နေလေသည်။ ညှိခန်းရှိအရောင်အဆင်းမပေါ်သော ကော်ဇောဟောင်းတစ်ချပ်ပေါ်တွင်၊ အရုပ်ကလေးတစ်ရုပ်နှင့် ထိုင်ဆော့နေသော (၇)နှစ်အရွယ်ကလေးတစ်ယောက်ကိုတွေ့ရ၏။ အိမ်ရှင်လူကြီးက ..

"ကျုပ်နာမည်က ..စိုးထိုက်တဲ့။ ဟောဒီကလေးက ကျုပ်သားလေး ဇော်နိုင်။ ဒီအိမ်မှာ ကျုပ်ရယ်သူ့ရယ်ကျုပ်မိန်းမခင်ခင်လေးရယ် နေကြတယ်၊ တစ်နေ့က ခင်ဗျားသမီးတွေ့ပြီးလန့်အော်ခဲ့တာ ကျုပ်မိန်းမပဲ"

"အဲဒီအတွက်လည်းတောင်းပန်ပါတယ်။ စပ်စုတယ်မထင်ပါနဲ့၊ ကျွန်မတို့ခြံဘက်က လှမ်းကြည့်တော့လည်း သူ့ကိုဘီးတပ်ကုလားထိုင်နဲ့တွေ့ရပါတယ်။ ဘာကြောင့် စုလို"

ဦးစိုးထိုက်က၊လေးလံသောသက်ပြင်းတစ်ချက်ချလိုက်ကာ "သူက ကျွန်တော့်ထက်ဆယ်နှစ်လောက်ငယ်ပါတယ်။ မနှစ်က ကျွန်တော့်အဖေရုတ်တရက်သွေးတိုးလာလို့၊ ဆေးခန်းကိုသူက ကားနဲ့လိုက်ပို့ပါတယ်။ဒီတုန်းက ကျွန်တော်က အလုပ်ထဲမှာရောက်နေလို့ စိုးရိမ်တကြီးနဲ့ ကားကိုအမြန်မောင်းသွားလို့ထင်ပါတယ်..၊ လမ်းမှာကားတိုက်မှုဖြစ်ပြီး ကားမှောက်တယ်။ ကျွန်တော့်အဖေက အဲဒီမှာပဲ



www.burmeseclassic.com

www.burmeseclassic.com


ကွယ်လွန်သွားတယ်၊ သူက မသေဘူး။ ဒါပေမယ့် အခု မြင်နေရတဲ့ပုံအတိုင်း ရုပ်ပျက်ဆင်းပျက် ဖြစ်သွားတာပဲ။ တစ်သက်လုံး ဘီးတပ်ကုလားထိုင်ပေါ်မှာပဲ ..ဘဝကိုကုန်ဆုံးရတော့မယ်။ စကားလည်းမပြောနိုင်တော့ဘူး၊ပြောရင်တော့ ကြားပါသိပါတယ်"

"ကြားရတာ စိတ်မကောင်းပါဘူးရှင်"

တကယ်ပင် ရင်ထဲကထွက်ပေါ်လာသောစိတ်ဖြင့် ကေသီက တောင်းပန်လိုက်သည်။ကြားရတာက တကယ်ပင်ကြေကွဲစရာကောင်းလှပါသည်။

"ခင်ဗျားစဉ်းစားကြည့်။ သူ့ကိုအချိန်နဲ့အမျှပြုစုနေရတယ်။ အရွယ်မရောက်သေးတဲ့ ကလေးတစ်ယောက်လည်းရှိသေးတယ်။အလုပ်အကိုင်ကလည်းမကောင်းလို့ ကုမ္ပဏီကိုပိတ်လိုက်ရတယ်။ ကျွန်တော့်ဘဝက ..တကယ်ကိုဆင်းရဲဒုက္ခကြီးပါတယ်။ ဝဋ်လို့ပဲထင်တယ်။ ဒါကြောင့် အချိန်ရှိသရွေ့ အရက်ကိုပဲ အဖော်ပြုနေရတာပေါ့"

ဒီလူကြီး၏ခန္ဓာကိုယ်က ..ဘာကြောင့်အရက်နဲ့တထောင်းထောင်းထနေကြောင်း၊ကေသီကောင်းကောင်းသဘောပေါက်၍သွားသည်။ ဦးစိုးထိုက်က ..

"သူအခန်းထဲမှာအိပ်နေတယ်၊ နို့မို့ဆို ..ခင်ဗျားနဲ့တွေ့ပေးပါတယ်"

"ရပါတယ်ရှင်၊ နောက်မှပဲတွေ့ပါတော့မယ်။ ဒီကို သား


www.burmeseclassic.com

www.burmeseclassic.com


ကလေးဖော်နိုင်၊ တစ်ယောက်တည်းကစားရတာ ပျင်းရင် အန်တီတို့အိမ်ကို လာကစားလို့ရတယ်”

“တကယ်လား အန်တီ။ အရုပ်တွေရှိလား”

“ရှိတာပေါ့။ အများကြီးရှိတယ်။ အန်တီ့မှာ မင်းနဲ့ကစားမယ့် သားကလေးတစ်ယောက်လည်းရှိတယ်။ သူ့နာမည်က အပါတဲ့”

ပြီးတော့ ..သားအဖနှစ်ယောက်စလုံးကိုနှုတ်ဆက်ကာ သူပြန်လာခဲ့သည်။ ကေသီက အရုပ်ဆိုးအကျည်းတန်သည်ဆိုသော၊ ဦးစိုးထိုက်၏ဇနီးကို မတွေ့ချင်သဖြင့်၊ ရှောင်ထွက်လာခဲ့ခြင်းဖြစ်သည်။ဘောဘီပြောတဲ့အတိုင်းဆို သရဲမတစ်ကောင်ကဲ့သို့၊မကြည့်ရဲမရှုရဲအောင် အရုပ်ဆိုးလှသည်ဟု ဆိုသည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဟောဝန်သည် ..လုံးချင်းအိမ်ယာစခန်းတစ်ခု ဖြစ်သည်နှင့် အညီ၊ ခြံဝန်းကျယ်ကြီးများဖြင့် တစ်သီးတစ်သန့်နေထိုင်ကြသည့် သဘောရှိ၏။ နေ့အချိန်များတွင်ပင် တစ်အိမ်နှင့်တစ်အိမ်ကူးလူး ဆက်ဆံမှု နည်းလှပေရာ၊ ညအချိန်များတွင်မူ ကူးလူးဆက်ဆံမှု လုံးဝမရှိသလောက်ပင်၊တိတ်ဆိတ်ခြောက်ကပ်နေ၏။ခြံတိုင်းတိုက် တိုင်းလူမနေသဖြင့် လူနေကျဲပါးကာ၊ အိမ်အတော်များများတွင်မီး ထွန်းထားခြင်းမရှိပဲ မှောင်နှင့်မည်းမည်းဖြစ်၍နေလေသည်။

မောင်သော်သည် ဟောဝန်လုံးချင်းအိမ်ယာစခန်း ဝန်းအဝ ရှိ၊ ကားအဝင်အထွက်ဂိတ်တံခါးကို စောင့်ရသူဖြစ်သည်။နေ့တစ် လ၊ ညတစ်လ အလှည့်ကျ တာဝန်ထမ်းဆောင်ရလေရာ ယခုအ ချိန်ကား၊ သူ့အနေဖြင့် ညစောင့်အလှည့်ကျသော ကာလဖြစ်လေ သည်။ထို့ကြောင့် ညစောင့်တဲကလေးထဲတွင်၊ခါတ်ဗူးထဲဖြည့်ထား



www.burmeseclassic.com

www.burmeseclassic.com


သော ရေနွေးကြမ်းခါးခါးကို အိပ်ချင်စိတ်ပျောက်အောင်၊တစ်ခွက် ပြီးတစ်ခွက် သောက်နေရ၏။

ထိုအိမ်ယာဝန်းထဲသို့ ကားဝင်မည် ထွက်မည်ဆိုလျှင် သူက ဝန်းတံခါးကို ဖွင့်ရပိတ်ရသောအလုပ်ကိုလုပ်ရ၏။အချိန်ကား ညကိုးနာရီသာသာခန့်သာ ရှိသေးသော်လည်း ထိုအချိန်မှာ ကား အဝင်အထွက်ကျဲသောအချိန်ဖြစ်၏။ တစ်ခါတစ်ရံအကြောင်းကိစ္စ ရှိမှသာ အိမ်ယာဝန်းထဲမှကားတချို့ အပြင်ထွက်တတ်သည်။

သူကအသက် ၂၅နှစ်ခန့်ရှိသော လူငယ်တစ်ဦးဖြစ်ကာ အနည်းငယ် ကြောက်တတ်သူလည်းဖြစ်၏။ ကြောက်သာကြောက် တတ်သည်။သူက တစ္ဆေသရဲဝတ္ထုတွေကိုလည်း အင်မတန်စွဲလမ်း နှစ်ခြိုက်၏။

သူညစောင့်အဖြစ် တာဝန်ထမ်းဆောင်ရန်လာစဉ်၊ တစ္ဆေ သုံးခြင်းဝတ္ထုစာအုပ်များကို အမြဲယူဆောင်လာကာ၊အချိန်ရသရွေ့ ဖတ်နေတတ်၏။ ဒီနေ့လည်း ညဥ့်နက်ပြီဖြစ်သဖြင့် ကားအသွား အလာ မရှိတော့ဟုယူဆကာ၊ "ညဘက်ခြောက်တဲ့သရဲ"အမည်ရှိ သည့် ဖတ်လက်စစာအုပ်ကို ဖတ်မည်ပြင်နေရိုက်၊အိမ်ယာများဆီမှ မောင်းနှင်လာသော ကားတစ်စီးကိုတွေ့လိုက်ရသဖြင့် စာအုပ် ကိုလက်ကပြန်ချကာ၊ ထိုင်ရာမှထလိုက်သည်။

ထိုစဉ်မှာ မောင်းလာသောကားက၊ သူနှင့်ခတ်လှမ်းလှမ်း နေရာတွင် ရုတ်တရက်၊ဘရိတ်ဆောင့်အုပ်လိုက်သည်ကိုတွေ့လိုက် ရသဖြင့် စိတ်ထဲတွင်ဆန်းသလိုဖြစ်ကာ၊ ငေးကြည့်နေမိသည်။အ


www.burmeseclassic.com

www.burmeseclassic.com


တန်ကြာမှ ကားကဆက်မောင်းကာ သူ့အနီးရောက်လာသည်။သူက ကားမောင်းလာသူကိုကြည့်လိုက်၏။ ထိုလူမှာ အိမ်ယာစခန်းတွင်နေထိုင်သော လူပျိုကြီးကိုအေးနိုင်ဆိုသူဖြစ်၏။ တစ်ခါတစ်ရံသူသည် ကာရာအိုကေခန်းမများ၊ နိုက်ကလပ်များကိုသွားရောက်အချိန်ဖြုန်းကာ မိုးလင်းကာနီးမှပြန်လာတတ်သည်ကိုသိထား၏။

"ဦးအေးနိုင် ခုနဘာလို့ရုတ်တရက် ကားကိုရပ်လိုက်ရတာလဲ"

"မင်း မမြင်ဘူးလား။ ငါ့ကားရှေ့က မိန်းမတစ်ယောက်ရုတ်တရက်ဖြတ်ပြေးတာ။ ငါသာဘရိတ်မအုပ်ရင် တိုက်မိမှာ သေချာတယ်။ အဝတ်အစားတွေက စုတ်စုတ်ပြတ်ပြတ်နဲ့ ဘယ်ကမိန်းမမှန်းမသိဘူး။ မင်းက ..ဂိတ်ပေါက်စောင့်ဖြစ်နေပြီး မမြင်ဘူးလား။ တွေ့ကရာလူတွေကို ဒီအထဲ အဝင်မခံနဲ့ကွ"

ဟု သူ့ကိုဆုံးမနေ၏။ သူက ..

"ဟုတ်ကဲ့ပါခင်ဗျာ"

ဟုပြောကာ ဝန်းတံခါးကိုဖွင့်ပေးလိုက်ရသည်။ ပြီးတော့ကိုအေးနိုင် ကားရပ်လိုက်သော နေရာသို့ ပြန်လျှောက်လာသည်။ ဦးအေးနိုင်ကသာ ပြောသည်။ သူကတော့ ထိုမိန်းမကို အရိပ်အယောင်ကလေးမှပင်မမြင်ရ။ ဆန်းတော့အဆန်းသား။တစ်ယောက်ကမြင်ရပြီး တစ်ယောက်က မမြင်ရ။ ဒီတော့ သရဲများလား။ ဒီလိုတွေးမိတော့ သူ့ကျောချမ်းကာသက်ပြင်းချမိ၏။သူဖတ်နေသည်


www.burmeseclassic.com

www.burmeseclassic.com


"ညဘက်ခြောက်တဲ့သရဲ" စာအုပ်ထဲမှာလည်း ဤကဲ့သို့ပင်ဖြစ်နေသည်။ သရဲသည် ညဘက်လမ်းပေါ်ထွက်ကာ ခြောက်တတ်၏။ သူကအတော်ဝေးသည်အထိ လျှောက်ကြည့်၏။ဘာမှမတွေ့တော့သဖြင့် သူ့စခန်းချရာဂိတ်ဝသို့ ပြန်ဖို့ပြင်လိုက်သည်။

ထိုအချိန်မှာပင် သူ့ခြေလှမ်းတွေ တုန့်ကနဲ ရပ်သွားစရာကိစ္စက ဖြစ်ပေါ်လာ၏။ သူ့ရှေ့ ခတ်လှမ်းလှမ်း ခြေလှမ်းဆယ်လှမ်းခန့်အကွာတွင် မှောင်ရိပ်တစ်ခုဖြစ်ပေါ်နေ၏။ ထိုနေရာကား ဓါတ်တိုင်နှစ်ခု၏ အကြားဖြစ်သဖြင့်၊ အလင်းရောင်ကောင်းစွာမရောက်ရှိသော နေရာဖြစ်၏။ ထိုအမှောင်လွှမ်းသော နေရာတွင်၊ လူတစ်ယောက်ထိုင်နေသည်ကို ဝိုးတိုးဝါးတားမြင်လိုက်ရခြင်းဖြစ်သည်။

သူက ဆောင့်ကြောင့်ထိုင်နေသောလူကို သေသေချာချာကြည့်လိုက်တော့၊မိန်းမတစ်ယောက်၏အသွင်သဏ္ဌာန်ဖြစ်နေသည်။ ဒီလိုအချိန်ကြီးမှာ ဘယ်ကမိန်းမတစ်ယောက်က ဤကဲ့သို့ လမ်းပေါ်ထွက်ထိုင်နေရသနည်း။ တကယ်သာမိန်းမတစ်ယောက်ဖြစ်ပါက မိန်းမကောင်းမဖြစ်နိုင်။ သူက ဒီအိမ်ယာစခန်း၏ လုံခြုံရေးကို တာဝန်ယူရသောအစောင့်ဖြစ်လေရာ ထိုမိန်းမကိုမောင်းထုတ်လိုက်မည်ဟုရည်ရွယ်၏။သို့သော် သူ့စိတ်က ကြောက်ရွံ့၍လည်းနေသည်။ ထို့ကြောင့် သေချာအောင် ခတ်လှမ်းလှမ်းကပင်လက်နှိပ်ဓါတ်မီးဖြင့် ထိုးကြည့်လိုက်ရာ ..

အဝတ်အစားစုတ်စုတ်ပြတ်ပြတ်နှင့် ထိုင်နေသော မိန်းမ


www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီအိမ်ကိုရောက်ကတည်းက ကျွန်မစိတ်ထဲမှာ တမျိုးကြီးပဲ။ မနေသင့်မနေထိုက်တဲ့နေရာ ရောက်နေသလိုပဲ။

( ၄ ) သူနှင့်ရင်ဆိုင်ရသော သရဲတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com

## ( ၄ ) သူနှင့်ရင်ဆိုင်ရသော သရဲတစ်ကောင်

နောက်တစ်နေ့မနက်တွင် ညကတံခါးစောင့်ကြုံခဲ့ရသော သတင်းမှာ အိမ်ရာအတွင်းပြန့်နှံ့သွားလေသည်။ လူတိုင်းပင် ဤသတင်းကို တီးတိုးပြောနေကြသည်။ တစ်ချို့က သရဲရှိတယ်ဆိုလျှင်မနေရဲသဖြင့်၊ အိမ်ပြောင်း ပြေးရန်ပင် စိတ်ကူးနေကြသည်။ တံခါးစောင့်ကတော့ နောက်တစ်နေ့မနက်တွင် တစ်ခါတည်း အလုပ်က ထွက်သွားလေသည်။

ဤသတင်းစကားကို ဈေးသွားဝယ်ရင်းကေသီလည်းကြားလာ၏။ ဒီတော့ ကျော်ထင်ကို တိုးတိုးတိတ်တိတ်မေးသည်။

"ဒီသတင်း အမှန်ပဲလား"

"မှန်မှန်မှားမှား ဒီကိစ္စကို ကလေးတွေမသိစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုကျော်ထင်က၊တိုးတိုးတိတ်တိတ်တားမြစ်၏။တစ်ခုတော့ စိတ်ချမ်းသာရသည်။ဘောဘီသည် သူတက်ရသောကျောင်းအသစ်တွင် ခင်မင်ဖွယ်ကောင်းသော သူငယ်ချင်းတွေတွေ့ကာ စိတ်ဝင်စားနေသဖြင့်၊ မိဘတွေအပေါ် အရင်ကလောက် ဂျီမကျခြင်းဖြစ်၏။

ညနေတွင် သူ့မိန်းမက သူ့ကိုစကားခေါ်လာသည်။

"ရှင် ဒီအိမ်ကိုပြန်ရောင်းလိုက်ရင် မကောင်းဘူးလား ကိုကျော်ထင်"

"ဘာဖြစ်လို့လဲ .."

"ဒီအိမ်ကိုရောက်ကတည်းက ကျွန်မစိတ်ထဲတစ်မျိုးကြီးပဲ။ မနေသင့်မနေထိုက်တဲ့နေရာ ရောက်နေသလိုပဲ။ဒီမှာတွေ့ရကြုံရတာတွေကလည်း တစ်ခုမှ စိတ်ချမ်းသာစရာ မရှိဘူး"

ကိုကျော်ထင်က ခေါင်းမပွစဖူး ခေါင်းပွသွားသည်။

"မင်းကတောင်ဒီလိုလုပ်နေရင် ကလေးတွေက ..ဘယ်လိုနေမလဲ။ ဒီအိမ်ကိုရောင်းပြီး ငါတို့ဘယ်သွားနေကြမလဲ။ မန္တလေးက မင်းအမေရဲ့ အိမ်ကိုတော့ ငါပြန်မတက်နိုင်ဘူးဆိုတာ မင်းသိတယ်နော်"

"သိပါတယ် ဒီရန်ကုန်မှာပဲ ..သင့်တော်တဲ့တစ်နေရာပြန်ဝယ်နေကြတာပေါ့"

"အခုချက်ချင်း ဘယ်လိုလုပ်ပြန်ရောင်းမလဲ..။ ရောင်းရင်



www.burmeseclassic.com

www.burmeseclassic.com


လည်း မတန်တဆလျှော့ရောင်းမှရမယ်။ နောက်ပြန်ဝယ်ရင် တို့လက်ထဲမှာရှိတဲ့ငွေနဲ့ ဒီလောက်ကောင်းတဲ့အိမ်ကို ရဖို့ခက်တယ် ကေသီ၊ ဒီအိမ်ကိုတောင် မင်းအမေကမြင်ရရင် ကျေနပ်မှာမဟုတ်ဘူး။ ဒီလောက်မှ ..မကောင်းတဲ့အိမ်ဆို သူလုံးဝ လက်ခံနိုင်မှာမဟုတ်ဘူး"

ကေသီက သက်ပြင်းချလိုက်၏။ ဟုတ်တော့ဟုတ်သည်။ အခုတောင် သူ့အမေက ကိုကျော်ထင်ကိုရှာကြံအပြစ်တင်နေတာ။ ခိုင်ခိုင်မာမာ ဆုံးဖြတ်ချထားသောလေသံဖြင့် ကိုကျော်ထင်က ..

"နောက်ကို ဒီကိစ္စနဲ့ပတ်သက်ပြီး ..မပြောနဲ့တော့ကေသီ။ ဒီအိမ်ကိုရဖို့ ငါဘယ်လောက် ..ဘဝမှာရင်းနှီးခဲ့ရတယ်ဆိုတာ မင်းအသိဆုံးမဟုတ်လား။ ငါသေရင်တောင် ဒီအိမ်ကို ဖက်ပြီးသေမယ်"

ဒီတော့လည်း၊ကေသီလက်လျှော့လိုက်သည်။သူ့ယောကျ်ားက ပြောတဲ့အတိုင်းလုပ်တတ်သည်။ ဒီအိမ်ကို သူတွယ်တာ တန်ဘိုးထားသည်။ ဒီအိမ်က သူ့ဘဝ၊သူ့မျှော်လင့်ချက်။ သူ့အိပ်မက်။


www.burmeseclassic.com

www.burmeseclassic.com


ညရောက်သောအခါ ကိုကျော်ထင်သည်၊အိပ်မက်ဆိုးတွေ မက်ရင်း လန့်နိုးလာသည်။သူ့စနီးနှင့် ညနေစောင်းကပြောခဲ့သော စကားတွေက သူ့မသိစိတ်တွေထဲမှာ စွဲထင်နေဟန်တူသည်။ဒီအိမ်ကြီးထဲမှာသူသည် သရဲတစ်ကောင်ဖြစ်ကာလျှောက်သွားနေသည်။ အိမ်ထဲတွင် ဘယ်သူမှမရှိ။ သားနဲ့သမီးလည်းမရှိ။ဇနီးလည်းမရှိ။ အိမ်ကလည်း ဤအိမ်။ ပရိဘောဂတွေကလည်း ယခုရှိနေသော ပရိဘောဂတွေ။

သို့သော် နှစ်ကာလကြာမြင့်စွာက ရှိခဲ့သောပစ္စည်းတွေလို အတော်ပင် ဟောင်းနွမ်းစုတ်ပြတ်နေ၏။ ဖုံအလိမ်းလိမ်းတက်ကာ ပင့်ကူမျှင်နှင့်ကြပ်ခိုးတွေ ထူပျစ်ယှက်ဖွဲ့နေ၏။သူက ..မကျွတ်နိုင်သောသတ္တဝါတစ်ကောင်လို၊ တစ်အိမ်လုံး သူ့မိသားစုကိုမောပန်းတကြီး တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ရှာနေ၏။ သူက..



www.burmeseclassic.com

www.burmeseclassic.com


"ငါသေရင်တောင် ဒီအိမ်ကြီးကို ဖက်ပြီးသေမယ်"

ဟုပြောခဲ့၏။ဒါကြောင့် သေတာတောင် မကျွတ်မလွတ် ဖြစ်နေလေသလား။

သူလန့်နိုးလာ၏။ သူ့ရင်တွေက နိုးလာသည့်တိုင်တဒိတ်ဒိတ်ခုန်နေဆဲ။ တစ်ကိုယ်လုံး ချွေးတွေစို့ရွှဲနေ၏။ အိပ်ယာထဲက ထလိုက်သည်။ သူ့ဘေးတွင် ကေသီသည် နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေလေသည်။သူ ရေအင်မတန်ငတ်နေသဖြင့် ကုတင်ပေါ်ကဆင်းကာ အခန်းပြင်ထွက်ခဲ့သည်။

ရေက အောက်ထပ် မီးဖိုခန်းထဲမှာရှိသဖြင့် အောက်ထပ်ဆင်းခဲ့ရပြန်သည်။ ရေခဲသေတ္တာထဲက ရေအေးပုလင်းကို ယူကာသောက်နေစဉ်၊ သူ့အနောက်ဘက်မှ ခြေသံတစ်စုံတစ်ရာကိုကြားလိုက်ရသလိုရှိ၏။ သူက ဖြတ်ကနဲ လှည့်ကြည့်လိုက်၏။ ထိုနေရာတွင် အနည်းငယ်မှောင်ရိပ်ကျနေသဖြင့်၊ ဘာကိုမှ သဲသဲကွဲကွဲမမြင်ရပဲရှိ၏။

သူ့စိတ်ထဲတွင် မသင်္ကာစိတ်က၊တစ်စထက်တစ်စကြီးမားလာသည်။သူက အိမ်ပေါ်မခင်ကို သူအသတ်မခံရခင်က အိမ်မှာလာပြီး သန့်ရှင်းရေးလုပ်ပေးဖို့ ပန်ကြားခဲ့ဖူး၏။ဒါကြောင့် ..သေပြီးတာတောင်စိတ်ကစွဲလမ်းပြီး အိမ်ကိုလာရောက် အလုပ်လုပ်နေတာလား။ အမှောင်ထုကိုစိုက်ကြည့်လေ သူကပို၍ ထိတ်လန့်လာလေဖြစ်သည်။ အမှောင်ထဲတွင် အရာတစ်ခုခုကလည်း၊ သူ့ကိုအပြန်အလှန် စိုက်ကြည့်နေသည်ဟု ယူဆမိ၏။



www.burmeseclassic.com

www.burmeseclassic.com


လူ့စိတ်ကို .. ရဲဆေးတင်ပေးနိုင်တာက၊အလင်းရောင်ပင်ဖြစ်သည်။ ထို့ကြောင့် သူ့ဘေးနံရံတွင်ရှိသော မီးခလုတ်ကိုဖြတ်ကနဲ လက်လှမ်းကာ ကျော်ထင်ကဖွင့်လိုက်သည်။ မီးဖိုခန်းထဲတွင် အလင်းရောင်ဖြာကျသွား၏။

မြင်ရပါပြီ။ အခန်းထောင့်အမှောင်ထဲမှ သတ္တဝါကိုမြင်ရပါပြီ။ မြင်လျှင်မြင်ချင်းမှာမူ ကျော်ထင်သည်၊ လိပ်ပြာလွင့်စင်မတတ် ထိတ်လန့်သွား၏။အထက်အနက်အောက်အနက်နှင့် ခန္ဓာကိုယ်ကတော့ သာမန်လူနှင့်မခြား။ သို့သော် သူ့မျက်နှာကတော့ မြင်ရသူ အသည်းတုန်ရင်တုန်၊ဖြစ်စရာကောင်းလောက်အောင်ပင် ဆိုးဝါးလှပါ၏။ သို့သော် မီးရောင်ထဲတွင် သူ့ကို ကြည့်ရတာက လည်း၊ ကိုယ့်ကိုပြန်ကာ လန့်ထိတ်နေသကဲ့သို့ရှိ၏။ ထို့ကြောင့် ကျော်ထင်က သေသေချာချာ စူးစိုက်ကြည့်လိုက်သောအခါ ..

သဘောပေါက်၍သွားသည်။ သူ့ခေါင်းတွင်တပ်ဆင်ထားတာက သရဲပုံ ရာဘာမျက်နှာဖုံးကြီး ဖြစ်နေလေသည်။

"မင်း ဘယ်သူလဲ။ အိမ်ထဲကို ဘာဝင်လုပ်တာလဲ"

ကျော်ထင်က ထိုသူ့ဆီအလျင်အမြန်ဖမ်းချုပ်ရန်၊ ပြေးဝင်သွားသည်။ အလျင်စလိုလုပ်မိတာ သူ့အမှားပင်ဖြစ်သည်။ ဤကဲ့သို့သူများအိမ်ထဲ ဖေါက်ထွင်းဝင်ရောက်သူများသည် အရေးကြုံ၀ါ တတိုက်ခိုက်ရန်၊လက်နက်များကို သိုဝှက်ယူဆောင်လေ့ရှိကြောင်း သူသိထားသင့်သည်။

ထိုသူက ကျော်ထင် အနားရောက်လာသည်နှင့်၊ နောက်


www.burmeseclassic.com

www.burmeseclassic.com



စ်ကာဝှက်ထားသော လက်ကိုထုတ်၍ ကျော်ထင့်ရိုးစောင်းအား ာအားရိုက်ချလိုက်လေသည်။ အလေ့အကျင့်ရှိသူ တစ်ယောက်မို့ ိုက်ချက်က ပြင်းလှသည်။ ကျော်ထင်သည် မှူးဝေကာကြမ်းပြင် ေါ်လဲကျသွားသည်။ ဖေါက်ထွင်း ဝင်ရောက်သူက လဲနေသော ကျော်ထင့်ကိုကျော်ခွကာ ဤနေရာမှ ထွက်ပြေးသွားပါလေတော့ သည်။

အောက်ထပ်တွင်ကျော်ထင်လဲကျသွားသောအသံက တော် ောာ်ပင်ကျယ်လောင်သဖြင့်၊ ကေသီနိုးလာသည်။ဘေးတွင်ကျော် ထင်ကိုမတွေ့ရသဖြင့် အောက်သို့ဆင်းရှာရာ မီးဖိုခန်းထဲတွင်၊လဲ နေသည်ကိုမြင်မှ ဆွဲထူကာအကူအညီပေးရ၏။

"ရှင်ရရဲ့လား။ ဆေးခန်းသွားမလား"

"မလိုဘူး ရတယ်"

"ဘာတွေဖြစ်တာလဲ .."

"တို့အိမ်ကို သူခိုးဝင်တယ်။ ငါနဲ့ပက်ပင်းတိုးတော့ ငါ့ကို ရိုက်သွားတာပဲ"

"ဒုက္ခပဲ။ ဘာလို့များ တစ်ခုပြီးတစ်ခု ဖြစ်နေရတာလဲ"

"နောက်မှပဲငြီးငြူတော့။ ရဲဌါနကိုဖုန်းဆက်လိုက်၊ ဒီကိစ္စ ကို ငါတို့တိုင်ချက်ဘော့ ဖွင့်ထားမှဖြစ်မယ်"

"ဂီတ်ဝကအစောင့်က.. ဘာလုပ်နေတာလဲ၊ ဒီအိမ်ရာဝင်း က တံတိုင်းအမြင့်ကြီးခတ်ထားတာ။ ကျော်တက်ဖို့လွယ် တာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com


"မင်းမသိဘူးလား။ အစောင့်က အလုပ်ထွက်သွားတာ"
"ဟုတ်သားပဲ။ သရဲတွေ့လို့ မဟုတ်လား။ ဒါထက် ရှင်တွေ့တာ သူခိုးဟုတ်ရဲ့လား။ သရဲများဖြစ်နေမလား"
ကျော်ထင်က ခေါင်းကိုအရိုက်ခံရသဖြင့်၊စိတ်တိုနေသည်။
"မင်း မဟုတ်တာတွေပြောမနေနဲ့။ ငါနိုင်းတဲ့အတိုင်း ရဲဌာနကိုသာ ဖုန်းဆက်လိုက်ပါ"
ဟု ခတ်ဆတ်ဆတ်ပြောလိုက်လေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com 

ပြဿနာတွေကတော့ ဤအိမ်မှာတစ်ခုပြီးတစ်ခု၊ ဆက်တိုက်ဖြစ်ပွားနေသည်။နောက်တစ်နေ့တွင်ကျော်ထင်က ဘေဘီကိုကျောင်းလိုက်ပို့ပြီးပြန်လာတော့ အိမ်တွင်၊ မျက်စိမျက်နှာပျက်နေသော ကေသီကိုတွေ့ရ၏။ သူက ..

"ကေသီ ဘာဖြစ်နေတာလဲ .."

"သားလေးအပါ .. အပါပျောက်နေလို့"

"ဘယ်လိုလုပ် ပျောက်နေရတာလဲ"

သူ့ရင်ထဲတွင် ဒိတ်ကနဲဖြစ်သွားပြီး မေးလိုက်၏။

"မသိဘူး။ခုနပဲခြံထဲမှာ ဟိုဘက်အိမ်ကကောင်လေး ဇော်နိုင်နဲ့ ကစားနေကြသေးတယ်"

"ကောင်လေးရော .."

"သူတော့ အိမ်ပြန်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com


ကျော်ထင်အဖို့ ယော်ထိပ်မြွေပေါက်သလို ဖြစ်သွားသည်။ အပါသာတစ်ခုခုဖြစ်သွားပါက သူ့ယောက္ခမကြီးက၊ သူ့ကိုအပြစ်တင်၍ ဆုံးတော့မည်မဟုတ်။

"သားရေ သားလေးအပါရေ"

သူတို့တကြော်ကြော်ခေါ်သည်။ တစ်နေရာအရောက်တွင် တခုံးခုံးအသံကိုကြားရ၏။ ကြားရတာက သူတို့အိပ်ခန်းထဲကဖြစ်သည်။သူတို့အခန်းထဲဝင်ကြည့်တော့လည်း ဘယ်သူ့ကိုမှမတွေ့ရ။ ထူးဆန်းသည်ဟု ထင်နေစဉ် တခုံးခုံးထုသံက ထွက်ပေါ်လာပြန်၏။ ကြည့်လိုက်တော့ ကုတင်အနီးရှိအဝတ်ဘီရိုကြီးဆီမှ ဖြစ်နေတာတွေ့ရသည်။လင်မယားနှစ်ယောက် ဘီရိုဆီအပြေးရောက်သွား၏။ ဘီရိုတံခါးကိုအပြင်က သော့ခလောက်ချိတ်ထားတာ တွေ့ရသဖြင့်၊ အမြန်ဖြုတ်ကာ တံခါးကိုဆွဲဖွင့်လိုက်၏။

အထဲတွင် အပါလေးရှိနေသည်။ သူ့တစ်ကိုယ်လုံး ချွေးတွေစိုရွှဲနေ၏။ အသက်ရှူကြပ်ဟန်တူသည်။မျက်နှာမှာနီမြန်းကာ ပျော့ခွေလဲကျသွားသဖြင့် ကျော်ထင်ကဆီးပွေ့လိုက်ရသည်။ ဘီရိုထဲတွင် ပိတ်လှောင်ခံထားရသဖြင့်၊ အကြောက်လွန်နေပုံရသည်။ မေးသော်လည်း စကားရတ်တရက် ပြန်မပြောနိုင်။ ကျော်ထင်က ကုတင်ဆီပွေ့ချီသွားကာ အသာအယာချ၍ ယပ်ခတ်ပေးရင်း၊ကေသီအား ..

"အမေကြီး ရေတစ်ခွက်လောက် မြန်မြန်သွားခပ်"

ဟုခိုင်းလိုက်၏။ အပါလေးမှာ ခပ်လာသောရေကိုအငမ်း


www.burmeseclassic.com

www.burmeseclassic.com



မရသောက်ပြီး အမောပြေနေသေး၏။ အတော်ကြာအောင်အနားယူပြီးမှ စကားပြောနိုင်တော့သည်။

"သား ဘယ်လိုဖြစ်ပြီး ဒီထဲရောက်နေရတာလဲ"

"သားနဲ့ ဟိုဘက်အိမ်ကဇော်နိုင်နဲ့ ကစားနေရင်းနဲ့ သူက ပြောတယ်။ ဟိုဘက်လမ်းမှာ မိန်းမကြီးတစ်ယောက်ကို သတ်ပြီး ဘီရိုထဲထည့်ထားတယ်တဲ့။ ဟုတ်လားဖေဖေ"

လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ ဇော်နိုင်က အပါထက် အသက်ကြီးသည်။ ဒီတော့ အရပ်ထဲက သတင်းအစုံကိုကြားကာ ဖေါက်သည်ချဟန်တူ၏။ အပါလေးက ..

"သူက မင်း ဘီရိုထဲဝင်ကြည့်စမ်းပြောလို့ ကျွန်တော်က ဝင်ကြည့်နေတုန်း၊သူကအပြင်က သော့ပိတ်ပြီးထွက်သွားတာပဲ"

ဒီလိုနှင့်အပါလေးသည် ဘီရိုထဲတွင်နှစ်နာရီလောက်နေခဲ့ရ၏။ဘီရိုက အပြင်ကလေမဝင်နိုင်အောင်ပင်၊သေသပ်စေ့စပ်၏။ အပါလေးသာ ဘီရိုထဲတွင် နောက်ထပ်(၁၅) မိနစ်ခန့်ဆက်နေရမည်ဆိုပါက၊ အသက်ရှူမွန်းကြပ်ကာ သေဆုံးရမည်မှာ သေချာလှသည်။ ကျော်ထင်က ..

"နောက်ကို အဲဒီကောင်လေးနဲ့ ကလေးကို မဆော့ခိုင်းနဲ့တော့ ကေသီ"

ဟုတား၏။ ကေသီက ..



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်။ ကျွန်မက ဒီကောင်လေးကို ခြံထဲမှာတစ်ယောက်တည်း ထိုင်ငိုင်နေတာတွေ့လို့ ..သနားပြီးခေါ်ကစားခိုင်းတာ။ဒီကောင်လေးကြည့်ရတာ စိတ်မှန်ပုံမရဘူး။ အို .. သူတို့တစ်အိမ်လုံးကို ကြည့်ရတာ စိတ်မှန်ပုံမရပါဘူး"

ဟုဆိုလိုက်လေသည်။

"သားကိုကြည့်ထားလိုက်ဦး"

ဟုပြောကာ ကျော်ထင်တစ်ဘက်အိမ်ကိုထွက်လာခဲ့သည်။ ဒီကိစ္စ သူ့အဖေကိုတိုင်ပြောမှ ဖြစ်မည်ဟု တွေးလာ၏။ တံခါးခေါက်လိုက်တော့ ကိုစိုးထိုက်က တံခါးလာဖွင့်ပေး၏။သူ့မျက်နှာက မှုန်ကုတ်ကုတ်။ အလုပ်ရှုတ်ရန်ကောဟူသည့်မျက်နှာထားဖြင့် သူ့ကိုကြည့်ကာ ခတ်ပြတ်ပြတ်လေသံဖြင့် မေးလိုက်၏။

"ဘာကိစ္စလဲ .."

ကျော်ထင်က အကြောင်းစုံပြောပြလိုက်သည်။

"ခင်ဗျားသားက ကျုပ်သားကိုဘီရိုထဲထည့်ပြီး ..အပြင်ကသော့ခတ်ထားတယ်"

"ခင်ဗျားသား ဘာဖြစ်သွားလဲ .."

"ကျုပ်သား ..ဘာမှတော့မဖြစ်ဘူးပေါ့ဗျာ။ ဒါပေမယ့်ကျုပ်တို့သာအချိန်မှီမသိရင်၊တကယ်အသက်သေသွားနိုင်တယ်"

"အေးလေ။ အခု မသေသေးဘူးမဟုတ်လား"

ကျော်ထင် ကျွဲမြီးတိုသွား၏။

=



www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျားဘယ်လိုဖြစ်တာလဲ။ ခင်ဗျားသားကို ဆုံးမထားဖို့ လာတိုင်တာဗျ"

"ကောင်းပြီ"

သူက အနားတွင်ရပ်နေသော သူ့သားကိုမေးလိုက်သည်။

"သူပြောတဲ့အတိုင်း ဟုတ်သလားဇော်နိုင်"

ကလေးကခေါင်းညိတ်ပြ၏။ကျော်ထင်အနေဖြင့် ဘယ်လိုမှထင်မှတ်မထား။ ကိုစိုးထိုက်က သူ့လက်ကိုမြှောက်ကာ ကလေးကိုရိုက်ချလိုက်ရာ ကလေးမှာ ဖင်ထိုင်လျက်လဲကျသွားလေသည်။ ရက်စက်လွန်းသောအဖေဟု ကျော်ထင်က တွေးလိုက်၏။ သူက ရိုက်နှက်စေလို၍ တိုင်တန်းခြင်းမဟုတ်။

"ခင်ဗျား ကလေးကို ဘယ်လိုလုပ်လိုက်တာလဲ"

"ကျုပ်သားကိုကျုပ် ဘာလုပ်လုပ် ခင်ဗျားနဲ့မဆိုင်ဘူး။ကဲ အခုတော့ ခင်ဗျားကျေနပ်သွားပြီမဟုတ်လား။ ကဲ သွားတော့။ နောက်ကျုပ်ခြံထဲကို ဝင်မလာနဲ့"

ဟုပြောင်ပြောင်နှင်ထုတ်ရင်း၊တံခါးကိုဆွဲပိတ်လိုက်လေသည်။ တော်တော်ရိုင်းစိုင်းတဲ့သူဟုတွေးရင်း ကျော်ထင်ခြံထဲက ပြန်ထွက်အလာတွင် ..

ခြံထောင့်သစ်ပင်ရင်းတွင် ဘီးတပ်ကုလားထိုင်တစ်လုံး ရှိနေတာမြင်လိုက်ရသည်။ထိုဘီးတပ်ကုလားထိုင်ပေါ်တွင် ကြောက်စရာကောင်းသောရုပ်ရည်ရှိသည့်၊ မီးလောင်ခံထားရသောမိန်းမ၏ အကောင်းပကတိရှိနေသော မျက်လုံးနှင့် စူးစိုက်ကြည့်နေသော၊


www.burmeseclassic.com

www.burmeseclassic.com


လိုက်ရလေရာ၊ ကြက်သီးထ၍ သွားပါလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်တစ်ပေါက်ပြောနေကြသော၊ချောစုနှင့်အောင်မင်းသိုက်ကိုကြည့်၍ ဘောဘီသည် စကားပြောမထွက်နိုင်အောင်ဖြစ်၍သွားသည်။

## ( ၅ ) ဘီရိုထဲမှအလောင်း



www.burmeseclassic.com

www.burmeseclassic.com

## ( ၅ ) ဘီရိုထဲမှအလောင်း

ဘေဘီက ညနေပိုင်းများတွင် သူ့အတန်းဖော်သူငယ်ချင်း ချောစုအိမ်သို့ စာသွားကျက်လေ့ရှိ၏။ထိုအိမ်သည် သူတို့‘ဟော၀န်’ စုပေါင်းအိမ်ရာနှင့်လည်း သိပ်မဝေးလှ။ အိမ်မှာနေရတာစိတ်ညစ်၍ သူငယ်ချင်းအိမ်လာနေခြင်းဖြစ်သည်။ ဤ ချောစုတို့အိမ်တွင် သူ့အပြင် တခြား စာလာကျက်သော ကောင်မလေးတစ်ယောက်၊ ကောင်လေးနှစ်ယောက်လည်းရှိသေး၏။ စုစုပေါင်းငါးယောက်။

ချောစုမိဘတွေက ချောစုသည် တစ်ဦးတည်းသောသမီးမို့ ချစ်ခင်အလိုလိုက်ကြသည်။ ချောစုအခန်းကလည်း အကျယ်ကြီးမို့ သူငယ်ချင်းတွေ လွတ်လွတ်လပ်လပ်စုဝေးနိုင်ကြသည်။ သူတို့စုမိလျှင် စာကျက်တာက နည်းနည်းဖြစ်သည်။ ချောစုအမေလုပ်ပေး



www.burmeseclassic.com

www.burmeseclassic.com


သော မုန့်တွေကိုစားကာ ဆယ်ကျော်သက်ကလေးများပီပီ၊ ကိုရီးယားရုပ်ရှင်နှင့်သီချင်းတွေအကြောင်း၊ဖတ်ရှင်ပစ္စည်းတွေအကြောင်း၊ သူတို့ဖတ်ခဲ့သော အပျော်ဖတ်ဝတ္ထုစာအုပ် အသစ်များအကြောင်း၊ အမြင်ဖလှယ်ကာ ပြောဆိုနေကြတာကများသည်။

ဒီနေ့လည်း စကားကောင်းနေကြသည်။ အောင်မင်းသိုက်က သူဖတ်ခဲ့ရသောနောက်ဆုံးထုတ် ဝေမှူးသွင်၏ လုံးချင်းဝတ္ထုတစ်ပုဒ်အကြောင်းပြောနေခြင်းဖြစ်ရာ၊အချိန်အတော်လင့်သွား၏။ အခန်းထဲက နံရံကပ်နာရီကို ကြည့်လိုက်တော့ (၈)နာရီထိုးတော့မည်။ ဘေဘီက ..

"ရှစ်နာရီထိုးတော့မယ်။ ငါပြန်မှပဲ"

"အေး တို့လိုက်ပို့မယ်လေ"

အရင်ကတော့ မှောင်စပျိုးလျှင်ပြန်နေကျ။ ဒီလောက်ထိနောက်မကျ။ ဒီနေ့ သူတို့ပြန်လာကာ ဟောဝန်အိမ်ယာထဲဝင်လာတော့ မှောင်မည်းခြောက်ကပ်တိတ်ဆိတ်နေသည်မှာ ထိတ်လန့်စရာပင်ကောင်းနေသည်။ လူနေသောအိမ်တချို့မှာသာ မီးလင်းနေ၏။ချောစုက စက်ဘီးတစ်စီးစီးကာ ဘေဘီကတော့၊ အောင်မင်းသိုက်စက်ဘီးနောက်ကနံမှာ ထိုင်ကာလိုက်ပါလာရသည်။

တကယ်တော့ အရွယ်ရောက်စပြုနေပြီဖြစ်သဖြင့် ဘေဘီက၊ ကောင်လေးတစ်ယောက်၏စက်ဘီးနောက်က လိုက်မစီးချင်။ သို့သော် စက်ဘီးစီးတတ်စဖြစ်သော ချောစုကလည်း၊ ဘေဘီကို နောက်ကတင်မနင်းနိုင်။အောင်မင်းသိုက်နောက်က ထိုင်လိုက်လာ


www.burmeseclassic.com

www.burmeseclassic.com



ရင်း ဘောဘီကသူ့အတွက် အမေ့ကိုစက်ဘီးတစ်စီးအဝယ်ခိုင်းမည်ဟု စိတ်ကူးလိုက်၏။ သူက စက်ဘီးဖြင့်လိုက်လာနေစဉ်၊အောင်မင်းသိုက်က စက်ဘီးကိုရပ်လိုက်သဖြင့် ..

"ဘာဖြစ်လို့ ရပ်လိုက်တာလဲ .."

မေးတော့ အောင်မင်းသိုက်က ..

"ဟိုမှာလေ။ ချောစုရပ်တာ မြင်လို့" ဟုဖြေ၏။

ချောစုကိုကြည့်လိုက်တော့ အိမ်တစ်အိမ်ရှေ့တွင်၊စက်ဘီးရပ်ကာ အထဲသို့ငေးကြည့်နေသည်ကိုတွေ့ရ၏။ သူ့နားကိုဘောဘီ တလှော်ာက်သွားတော့ ..

"ဘောဘီ ဒါ.. ဟိုတစ်ခါလာက လူသတ်ခံရတဲ့အိမ်မဟုတ်လား။ သရဲခြောက်တယ်လို့ နာမည်ကြီးနေတယ်။ ငါတို့ အထဲဝင်ကြည့်ရအောင်"

ဟုပြောလိုက်၏။ ဘောဘီက ကန့်ကွက်သည်။

"ဘာလို့ဝင်ရမှာလဲ .."

"နင်ကြောက်နေတယ် မဟုတ်လား"

အောင်မင်းသိုက်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။ဆက်၍

"နင်မဝင်ရဲရင်နေ။ ငါနဲ့ချောစု ဝင်ကြည့်ကြမယ်"

နှစ်ယောက်နှင့်တစ်ယောက်ဖြစ်နေ၍ဘောဘီတားမရတော့။ ဤအိမ်မှာယခုအချိန်အထိ နေထိုင်မည့်သူမရှိသေး။အိမ်ဖေါ်မလေးကိုသတ်သည့် တရားခံ အိမ်ရှင်ကိုတော့ ဖမ်းမိပြီဟု ကြားရလေသည်။ ချောစုသည် နဂိုကတည်းက ဤအိမ်ထဲဝင်ရန် ရည်ရွယ်



www.burmeseclassic.com

www.burmeseclassic.com


ချက်ရှိပုံရ၏။ လက်နှိပ်ဓါတ်မီးတစ်လက်ယူလာတာတွေ့ရသည်။ သူတို့နှစ်ယောက်ကို တားမရသဖြင့် ဘေဘီသည်ခြံရှေ့ကသာရပ်ကြည့်နေရသည်။

အိမ်ကြီးကိုလှမ်းကာ ခြုံကြည့်လိုက်သည်။ထိုအခါအပေါ်ထပ်ရှိ ပြတင်းပေါက်မှန်နောက်မှ ခန်းဆီးစတစ်စ၊လှုပ်သွားသည်ကိုတွေ့လိုက်ရသည်။ လူမနေသောအိမ်ကြီးပေါ် ဘယ်သူရောက်နေသနည်း။ လရောင်က ထိုနေရာကိုကောင်းစွာကျရောက်နေလေရာ၊ထိုခန်းဆီးစဘေးတွင်ရပ်နေသည့် ဆံပင်ရှည်နှင့်မိန်းမကြီးတစ်ယောက်အား ဝိုးတိုးဝါးတားလှမ်းမြင်လိုက်ရလေသည်။ထို့ကြောင့်သူငယ်ချင်းတွေကို လှမ်းတားလိုက်၏။

"ဟေ့ .. အထဲကိုမဝင်ကြနဲ့"

သို့သော် နောက်ကျသွားပြီ။ အောင်မင်းသိုက်က ရှေ့တံခါးမှမှန်တစ်ချပ်ကို ခဲနှင့်ထုခွဲ၍ ထိုမှန်ပေါက်က၊လက်ကိုလျှိုသွင်းကာ အခန်းတံခါးကလန့်ကိုဖြုတ်ပြီး အထဲဝင်သွားလေသည်။ သူ့နောက်က ချောစုကလည်း လိုက်ဝင်သွားတာတွေ့ရ၏။ သူတို့အထဲဝင်သွားတာ တော်တော်ကြာသည့်တိုင်အောင် အထဲမှဘာသံမှမကြားရ။

အပြင်တွင် ဘေဘီသည်၊တစ်ယောက်တည်းနေရတာကြာသောအခါ၊ ကြောက်လန့်လာသည်။ ဘယ်နေရာကြည့်ကြည့် လူသူအရိပ်အယောင်မတွေ့ရ။ တိတ်ဆိတ်ခြင်းနှင့်ခြောက်ကပ်ခြင်း။ ကြာတော့ သူအပြင်တွင်မနေရဲတော့။ တစ်ယောက်တည်းနေတာ


www.burmeseclassic.com

www.burmeseclassic.com



ထက်စာလျှင် အပေါ်ရှိနေတာက ပိုကောင်းသည်ဟုတွေးကာ၊ဘေဘီလည်း ခြံထဲဝင်လိုက်ခဲ့သည်။ သူ့မှာက ..လက်နှိပ်ဓါတ်မီးပါမလာ။ပွင့်နေသောတံခါးက အထဲကိုဝင်လာခဲ့တော့ အထဲမှာလည်း အလင်းရောင်က မှုန်ဝါးဝါး။ ဘာမှသဲသဲကွဲကွဲ မမြင်ရ။ ပြတင်းပေါက်မှဝင်ရောက်နေသော လရောင်သာရှိသည်။

"ချောစု ..အောင်မင်းသိုက် နင်တို့ဘယ်ရောက်နေလဲ"

ဘေဘီက ခေါ်လိုက်သော်လည်း တုန့်ပြန်သံမကြားရ။

အောက်ထပ်မှာရော ရှိသေးရဲ့လား။အပေါ်ထပ်တက်သွားကြသလား၊ သူ့အပြင်မှာရှိစဉ်က အပေါ်ထပ်မှန်ပြတင်းပေါက်နားမှာရပ်နေသော ဆံပင်ဖါးလျားနှင့်မိန်းမကိုမြင်ခဲ့ရတာ၊ ပြန်တွေးမိတော့ ကျောရိုးထဲကစိမ့်တက်သွားပြန်သည်။

အောက်ထပ်လှေကားရင်းဘေးမှ အခန်းတစ်ခန်းမှာတံခါးပွင့်နေတာမြင်ရ၏။သူတို့နှစ်ယောက် ဒီအထဲရောက်နေတာလား။ ဘေဘီက အခန်းတံခါးကိုတွန်းဖွင့်ကာ၊ ဝင်၍သွားသည်။ ဤအခန်းသည် အိမ်ဖေါ်မခင် အသတ်ခံရသောအခန်းဟုသာ သူသိရလျှင်၊ ဤကဲ့သို့ဝင်ရဲလိမ့်မည်မထင်။ သူ့နောက်က ခြေသံတစ်ခုခု ကြားလိုက်ရသလိုရှိသဖြင့်၊ဘေဘီလှည့်ကြည့်လိုက်တော့လည်း ဘာမှမရှိ။ သူ့စိတ်တွေချောက်ခြားကာ ယုန်ထင်ကြောင်ထင်ဖြစ်နေတာပဲဖြစ်မည်။

တစ်ခုခုလှုပ်ရှားသံကြားလိုက်ရ၏။လှည့်ကြည့်လိုက်တော့နံရံတွင်ကပ်ထားသော ဘီရိုကြီးဆီမှ ထွက်ပေါ်လာသောအသံဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ မခင်၏အလောင်းကို ဒီဘီရိုကြီးထဲတွင်၊ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်ဆိုတာ ဘောဘီမသိ။ သူက.. ဘီရိုကြီးဆီချဉ်းကပ်သွားနေစဉ် .. နောက်မှ ..

"ဟေး"

ကနဲအော်ကာ ခြောက်လှန့်တာကြုံလိုက်ရ၏။ အလန့်တကြားလှည့်ကြည့်လိုက်တော့ အပေါက်ဝတွင်ရပ်ကာ၊လှောင်ပြောင်ရယ်မောနေသည့် ချောစုနှင့်အောင်မင်းသိုက်ကိုတွေ့လိုက်ရသည်။ သူတို့ခြောက်လိုက်တာကို ဘောဘီကထိတ်လန့်သွားသဖြင့်၊ သူတို့ကျေနပ်နေဟန်တူ၏။ ချောစုက ..

"နင်မဝင်ဘူးဆို ဘာလို့ဝင်လိုက်လာတာလဲ။ ဘာလဲ သရဲနဲ့ တွေ့ချင်လို့လား"

"ငါတို့တော့ ရှာနေတာနဲ့နေပြီ။ သရဲလည်းမတွေ့ဘူး"

တစ်ယောက်တစ်ပေါက် ပြောနေသော၊ ချောစုနှင့်အောင်မင်းသိုက်ကိုကြည့်၍ ဘောဘီသည် စကား ပြောမထွက်နိုင်အောင်ဖြစ်၍သွားသည်။သူတို့နှစ်ယောက်၏နောက်ကျောတွင်ရပ်နေသည့် သရဲမကို တွေ့လိုက်ရသောကြောင့်ပင်ဖြစ်သည်။ သရဲမ၏အရပ်ကရှည်လျားသဖြင့် သူတို့နှစ်ယောက်ကိုမိုးနေသည်။ဆံပင်ဖါးလျားများက သူ့မျက်နှာပေါ်ဝဲကျနေ၏။ မျက်နှာက မွဲခြောက်ခြောက်။ သူ့နှုတ်ခမ်းတွဲတွဲထဲမှ နီရဲသောလျှာက ရှည်လျားစွာတွဲလောင်းကျလျက်ရှိသည်။ ကျောပေးထားသူနှစ်ဦးကတော့ သူတို့နောက်ဘက်တွင် သရဲရောက်နေသည်ကို သိကြပုံမရ။ဘောဘီက သူတို့နောက်



www.burmeseclassic.com

www.burmeseclassic.com 

ကျောဘက်ကို၊လက်ညှိုးထိုးပြကာ အသိပေးဖို့ကြိုးစား၏။သို့သော် အကြောက် လွန်နေသောကြောင့်လားမသိ။ သူ့နှုတ်ဖျားကစကား တစ်ခွန်းမှ ထွက်မလာ။

ထိုအချိန်မှာပင် အောင်မင်းသိုက်က၊ ဘေဘီအားနောက် ပြောင်ချင်သည့်သဘောဖြင့် တံခါးကိုဆွဲပိတ်လိုက်လေသည်။အခု တော့အခန်းထဲတွင် သူတစ်ယောက်တည်း ပိတ်လှောင်မိသလိုဖြစ် နေ၏။ ဘေဘီက ကြောက်လန့်တကြား ..

"ငါ့ကိုတံခါးဖွင့်ပေး .. တံခါးဖွင့်ပေး .."

ဟုအော်သော်လည်း ဖွင့်မပေးကြ။ထိုအခိုက်မှာပင်၊တံခါး တစ်ဘက်အပြင်ဘက်မှ ချောစုနှင့်အောင်မင်းသိုက်တို့၏ကြောက် လန့်တကြားအော်ဟစ်သံကို ကြားလိုက်ရသည်။ ပြီးတော့ တစ် ဆက်တည်းမှာပင် ကသောကမျောပြေးထွက်သွားဟန်တူသည့်၊သူ တို့ခြေသံများကိုပါ ကြားလိုက်ရလေသည်။သူတို့နှစ်ယောက်လည်း မရှိတော့။အိမ်တစ်ခုလုံးတွင် သူတစ်ယောက်တည်းသာ၊ကျန်တော့ သည်ဟုသိရသောအခါ ဘေဘီ၏ကြောက်စိတ်တွေက ငယ်ထိပ် ထိအောင်ရောက်သွား၏။

ထိုအခိုက် သူ့နောက်က အသံတစ်သံကြားရသဖြင့်၊လှည့် ကြည့်လိုက်သောအခါ နံရံမှာရှိသော ပိတ်ထားသည့်ဘီရိုကြီးက တစ်စုံတစ်ဦးက လှုပ်ရမ်းနေသကဲ့သို့၊ လှုပ်ခါနေသည်ကို တွေ့ရ လေသည်။ ဘေဘီပို၍ ကြောက်လန့်တုန်လှုပ်လာ၏။ သူ့ရှေ့က တံခါးကို တအားကုန်ဆောင့်ဆွဲလိုက်ရာ၊တံခါးပွင့်ထွက်သွားသည်


www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့ရလေသည်။ တံခါးပွင့်သွားသည်နှင့်ဘောဘီသည် နောက်ကိုလုံးဝ လှည့်မကြည့်ပဲ ထိုနေရာက ပြေးထွက်လာခဲ့လေတော့သည်။

နွေမိုးဆောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com


မနက် လဘက်ရည်ဝိုင်းတွင်ဖြစ်သည်။ သားအမိသားအ ဖလေးဦးလုံး ငြိမ်သက်စွာစားသောက်နေကြ၏။ ကိုကျော်ထင်က တော့ ညကကိစ္စကို လုံးဝစိတ်မကျေနပ်နိုင်သေးပဲရှိ၏။မနေ့ညက အတော်ညဥ့်နက်မှ၊ကိုးနာရီထိုးလောက်မှ ဘေဘီအိမ်ကိုပြန်ရောက် လာသည်။ သူ့သူငယ်ချင်းအိမ်ကို စာသွားကျက်သည်ဟု သိထား သည်။ အရင်နေ့တွေက ဒီနေ့လိုနောက်မကျ။

သူက ကေသီအား ..

"မင်းသမီး စာသွားကျက်တဲ့အိမ်ကိုသိလား။ ငါလိုက်သွား မယ်။ ညကိုးနာရီထိုးတော့မယ်"

"ပြန်လာမှာပေါ့ရှင်။အပြန်ကျ သူ့သူငယ်ချင်းတွေကလိုက် ပို့ပေးနေကျပါ"

ပြောဆိုနေစဉ်မှာပင် အိမ်ထဲကိုဘေဘီ အပြေးအလွှားဝင်



www.burmeseclassic.com

www.burmeseclassic.com


ရောက်လာ၏။ သူ့ပုံစံက နောက်က ကျားလိုက်လာသည့်အလား အလန့်တကြားဖြစ်နေသည်။ မိဘတွေက စိုးရိမ်ကာမေးကြသည်။

"ဘေဘီ ဘာဖြစ်လာတာလဲ .."

"သမီး ဘာဖြစ်လာတာလဲ .."

ဘယ်သူမေးတာကိုမှ သူကပြန်မဖြေ။သူ့အခန်းဆီသို့ပြေး ဝင်သွားကာ အခန်းတံခါးကို အတွင်းကပိတ်ထားလိုက်လေသည်။ မိဘနှစ်ပါးမှာ သူ့အခန်းတံခါးဝထိ ရောက်လာကြသော်လည်း၊အခန်းထဲ ဘယ်သူ့ကိုမှ ဝင်ခွင့်မပေးသဖြင့်၊ လက်လျှော့ကာပြန်ခဲ့ရလေသည်။

"မင်း မနေ့က ဘာဖြစ်လာတာလဲ ဘေဘီ"

သူ့အဖေကိုကျော်ထင်က မေးလိုက်သည်။ ဘေဘီကအခုတော့ မဖြေ၍မဖြစ်တော့သည်ကို သိလိုက်၏။ ဒါကြောင့် ..

"သရဲခြောက်ခံရလို့ပါ ဖေဖေ"

"ဘာပြောတယ်"

ကိုကျော်ထင်က ထပ်မေးလိုက်သည်။ ကေသီက ..

"သမီးဘာပြောလိုက်တယ်။ သရဲအခြောက်ခံရတယ်ဟုတ်လား"

"ဟုတ်တယ်မေမေ၊ မနေ့ကအပြန် အဲဒီ ..လူသတ်ခံရတဲ့ အိမ်ကြီးနားရောက်တော့ ချောစုနဲ့အောင်မင်းသိုက်က အထဲဝင်ကြည့်မယ်လုပ်တယ်။ ပထမတော့ သမီးဝင်လိုက်မသွားဘူး။နောက်တော့ အပြင်မှာနေရတာကြောက်ပြီး အ


www.burmeseclassic.com

www.burmeseclassic.com



ထဲ ဝင်လိုက်သွားတယ်။ အဲဒီမှာ သရဲမကြီးနဲ့တွေ့တော့တာပဲ"

"သရဲမက ဘယ်လိုနေလဲဟင်"

အနားတွင်ထိုင်နေသော အပါလေးက၊ ဝင်မေးလိုက်ခြင်းဖြစ်၏။ ကိုကျော်ထင်က သူ့ဇနီးဘက်လှည့်ကာ ..

"ကေသီရေ .. အပါ့ကို သူ့အခန်းထဲသွားပို့လိုက်"

ဟု ပြောလိုက်၏။ ဒီအကြောင်းတွေကို အရွယ်မရောက်သေးသည့် ကလေးငယ်တစ်ယောက် ကြားဖို့ မသင့်တော်လှချေ။ ကေသီနှင့်အပါထွက်သွားတော့မှ ကိုကျော်ထင်က ..

"မင်းပြောတာတွေ ငါယုံမယ်များ မှတ်နေလား။ အဲဒီနေ့က မင်းဘာတွေဖြစ်လာခဲ့တာလဲ"

"သရဲခြောက်ခံရတာ"

"မယုံဘူး။ မင်းတစ်ခုခုဖြစ်လာတာကို ဖုံးကွယ်ဖို့ကြိုးစားနေတာပဲ။ အမှန်ကိုပြော"

"သမီးပြောတာအမှန်ပဲ။ သမီး သရဲအခြောက်ခံရတယ်"

"မဟုတ်ဘူး"

"ဟုတ်တယ်"

"မဖြစ်နိုင်ဘူး"

"ဖြစ်နိုင်တယ်"

သားအဖနှစ်ယောက် အပြန်အလှန် ဖော်ဟစ်နေကြလေသည်။ပြီးတော့ ကိုကျော်ထင်က စိတ်မရှည်သလိုထိုင်ရာမှထ,ကာ



www.burmeseclassic.com

www.burmeseclassic.com



ဘောဘီ၏ လက်ကိုဆွဲရင်း ..

"ကဲ .. မင်း ထပြီးလိုက်ခဲ့"

"ဘယ်ကိုလဲ အဖေ"

"မင်းပြောတဲ့ သရဲခြောက်တယ်ဆိုတဲ့အိမ်ကို ..အခုပဲသွားကြည့်မလို့"

ဟုပြတ်ပြတ်သားသား ပြောလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက်မှာပင် သျှရော့တည့်တည့်ရှိဘီရိုတံခါးက တစ်စုံတစ်ယောက်က တွန်းဖွင့်လိုက်သလို "ဝုန်း"ကနဲမြည်ကာ ပွင့်ထွက်သွား၏။

## ( ၆ ) ကိုယ်တွေ့ကြုံ၍ ယုံရခြင်း

www.burmeseclassic.com

www.burmeseclassic.com

## ( ၆ ) ကိုယ်တွေ့ကြုံ၍ ယုံရခြင်း

သူ့အဖေလက်ဆွဲခေါ်ရာနောက် ဘေဘီမလိုက်ချင်ပဲ၊လိုက်ပါလာခဲ့ရသည်။အဖေနှင့်သူနှင့်က အနေဝေးတော့ နည်းနည်းစိမ်းသည်။ သူကအဘိုးအဘွားများကိုသာ ပို၍ခင်တွယ်၏။ အခု သူ့အဖေနှင့်ပြန်ဆုံရတော့လည်း ယခုကဲ့သို့၊ မကျေမလည် ပြဿနာများနှင့် ..။

အဖေက သရဲခြောက်သည်ဆိုသော အိမ်ရှေ့ရောက်တော့ ရပ်လိုက်သည်။ နဂိုက ဘေဘီထင်ထားတာက အဖေသည်သူ့ကို ခြောက်လှန့်ရုံသာပြောသည်ဟု။ အခုတော့တကယ်ပင် ဤအိမ်ထဲ ဝင်ရန်ပြင်နေလေသည်။ဘေဘီက အပေါ်ထပ်ကိုလှမ်းကြည့်လိုက်သည်။သူထင်သည့်အတိုင်းပင် မှန်ပြတင်းနောက်ဘက်တွင် သူ့တို့



www.burmeseclassic.com

www.burmeseclassic.com



ရှိရာသို့ရပ်ငေးကြည့်နေသော ဆံပင်ရှည်ဖါးလျားနှင့်သရဲမကိုတွေ့လိုက်ရ၏။ထို့ကြောင့် သူ့အဖေဆွဲထားသောလက်ကို အတင်းရုန်းဖယ်ကာ ..

"မဝင်ချင်ဘူးအဖေ။ သမီးကြောက်တယ်"

"ဘာကြောက်ရမှာလဲ။ ငါတစ်ယောက်လုံးပါတယ်..၊ နင်ငါ့ကိုလိမ်ခဲ့တယ် မဟုတ်လား"

"မလိမ်ဘူး။ အဲဒီအိမ်မှာ သရဲရှိတယ်"

"မရှိဘူး .."

"ရှိတယ် .."

သူ့အဖေက ဒေါပွပွနှင့်ဆွဲခေါ်ရာနောက် သူငြင်းဆန်ရင်းပါသွားရသည်။သူ့အဖေက တံခါးကိုဆောင့်ကန်ကာ အထဲသို့ဝင်သွား၏။ ပြီးတော့ အခန်းကိုလှည့်ပတ်ကြည့်ရင်း ..

"ကဲ .. ဘယ်မှာလဲ သရဲ .. သရဲမရှိဘူး မဟုတ်လား"

"ရှိတယ်အဖေ .. ရှိတယ် ဟိုမှာ"

ဘေဘီက လှေကားထစ်များဆီ လက်ညှိုးထိုးပြလိုက်၏။အောက်ထပ်သို့ဆင်းသော လှေကားထစ်များအတိုင်း၊သရဲမကတစ်လှမ်းချင်းဆင်းလာနေသည်။ သို့သော် ကိုကျော်ထင်က ဘေဘီညွှန်ပြရာကို ကြည့်လိုက်သောအခါတွင်မူ ဘာကိုမှမမြင်ရပဲရှိလေသည်။

ထို့ကြောင့် သူ့ကိုဘေဘီကလိမ်လည်နေသည်ဟု၊ပိုခိုင်မာတ်ဆိုးသွား၏။ သူကဘာမှမမြင်ရသော်လည်း ဘေဘီကသူ သရဲကို



www.burmeseclassic.com

www.burmeseclassic.com


မြင်နေရသဖြင့်၊ ထိတ်လန့်သည်ထက် ထိတ်လန့်လာကာ ဤနေရာမှထွက်ပြေးနိုင်ရန်၊ သူ့အဖေလက်ကအဲတင်းရုန်း၏။နောက်ဆုံးတအား ဆောင့်ရုန်းလိုက်သောအခါ သူ့အဖေလက်က လွတ်သွားသော်လည်း၊ အရှိန်မထိမ်းနိုင်ပဲ ကြမ်းပြင်ပေါ်ဖင်ထိုင်လျက်လဲကျသွားလေသည်။

ထိုသို့လဲကျခိုက် လက်ထောက်လိုက်မိရာ၊ ထိုလက်သည် ကြမ်းပြင်ပေါ်ရှိ မှန်ကွဲများပေါ်ထောက်မိပြီး လက်ရှ၍သွား၏။ထိုလက်မှ သွေးများယိုစီးကျလာသည်။သမီးဖြစ်သူ ထိုကဲ့သို့ထိခိုက်ဒဏ်ရာရသွားသည်ကို မြင်ရသောအခါ၊ ကျော်ထင်သည် စိတ်မကောင်းဖြစ်၍သွား၏။ တကယ်တော့သူက သူ့သမီးကလေးကိုဤကဲ့သို့ ထိခိုက်စေချင်သည်မဟုတ်။ သူ့သမီးက သူ့ကိုလိမ်ပြောနေသည်ဟုထင်ကာ ဆုံးမရန် ကြိုးစားခဲ့ခြင်းသာဖြစ်သည်။

"သမီး လက်ရှသွားလား။ အဖေ့ကိုပြစမ်း"

ဟု သူကပြောသော်လည်း ဘေဘီသည် လုံးဝမပြပဲ ထိုနေရာမှ၊ ထွက်ပြေးသွားခဲ့လေသည်။ကျော်ထင်သည် အတန်ကြာအောင် စိတ်မကောင်းဖြစ်ကာ အခန်းထဲတွင်ငေးငိုင်ကျန်ခဲ့၏။ဤအိမ်နှင့် သူတို့အိမ်က သိပ်ဝေးလှတာမဟုတ်။ ဘေဘီလေး သူ့ဖါသာ အိမ်ပြန်ရောက်သွားလိမ့်မည်ဟု၊သူကတွေးလိုက်၏။မနက်ပိုင်းနေရောင်အောက်မှာ တခြားလူတွေလည်း၊လှုပ်ရှားသွားလာနေခိုက်ဖြစ်သဖြင့် ဘေဘီအတွက် စိတ်မပူသင့်။ထိုအချိန်မှာပင် သူ့နောက်ကဝင်ပေါက်တံခါးက 'ဂျိမ်း'ကနဲမြည်ကာပိတ်သွားသည်ကို



www.burmeseclassic.com

www.burmeseclassic.com


သတိပြုလိုက်မိသည်။

စိတ်ထဲတွင် ထူးဆန်းသလိုဖြစ်သွား၏။ဤနေရာမှ ..ဘော ဘီထွက်ပြေးသွားသည်မှာ၊ အနည်းငယ် ကြာသွားလေပြီ။ တံခါး ပေါက်မှ ဤအတိုင်းထွက်ပြေးသွားတာ သူမြင်လိုက်သည်။တံခါး ကိုလည်း ပြန်ပိတ်မသွားခဲ့။ ဘာကြောင့် အခု ဘယ်သူက လာ ပိတ်ရသနည်း။ ပြတင်းပေါက်ကကြည့်တော့လည်း ခြံထဲတွင် လူ တစ်ယောက်မှ ရှိမနေ။ကျော်ထင်က ထိုတံခါးဆီသို့လျှောက်သွား ကာ ဆွဲဖွင့်သော်လည်း တံခါးကမပွင့်ပဲ တင်းတင်းကြပ်ကြပ်ပိတ် နေသည်။ ဒါမှမဟုတ် တစ်ယောက်က အပြင်ကဆွဲထားသည့်သ ဘောမျိုး။

ထိုအခိုက် သူ့အနောက်က ဒိုင်းကနဲမြည်သံထွက်လာ၏။ နံရံတွင် ချိတ်ဆွဲထားသော ဓါတ်ပုံဟောင်းတစ်ပုံက ပြုတ်ကျလာ ခြင်းဖြစ်သည်။ ဘာကြောင့် တိုက်တိုက်ဆိုင်ဆိုင် ဤအချိန်ကျမှ ဓါတ်ပုံက ပြုတ်ကျရသနည်း။ သူက လှည့်ကြည့်နေခိုက် သူ့ရှေ့ လေဟာကားရင်းက အခန်းထဲမှ၊ လူရိပ်လိုလို ရွေ့လျားသွားတာတွေ့ လိုက်ရသည်။

ထိုနေရာဆီသို့ ခပ်သွက်သွက်သွားကာ ကျော်ထင်ကြည့် လိုက်သည်။ အခန်းထဲတွင် ဘယ်သူမှမရှိ။ အခန်းကကျဉ်းကျဉ်း။ ပရိဘောဂဟူ၍ ဘီရိုတစ်လုံးသာရှိ၏။ တခြားထွက်ပေါက်လည်း မရှိသဖြင့်၊ အခန်းထဲကသူက သူမသိအောင်ထွက်သွားရန်မှာ မ ဖြစ်နိုင်။ဒီတော့မှ ကိုကျော်ထင်တွေးမိလာသည်။သူ့ကိုသရဲခြောက်


www.burmeseclassic.com

www.burmeseclassic.com 

နေတာလား။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်တွင် လဘက်ရည်ဝိုင်းကို သူ့သမီး ရောက်မလာ။ ကျော်ထင်က ဒီမနက် သူ့သမီးကို သူတောင်းပန်လိုက်မည်ဟု တွေးထား၏။ သူ့ကြောင့် သမီးလက်ကို ထိမိုက်မိသွားတာ စိတ်မကောင်းတဲ့အကြောင်း၊ ပြီးတော့ သမီးပြောတာမယုံခဲ့တာ သူ့အမှားဖြစ်ကြောင်း။

သို့သော် ..

သမီးက စားပွဲဝိုင်းကိုရောက်မလာ။ ကေသီကို မေးတော့ "မင်းသမီး ဘာလို့လဘက်ရည်လာမသောက်တာလဲ။အိပ်ယာက မနိုးသေးလို့လား"

"နိုးပါပြီ"

"ဒါဆိုဘာလို့မလာတာလဲ။ငါ့ကိုစိတ်ကောက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com


"မဟုတ်ဘူး။ မနက်အစောကြီးကတည်းက အဝတ်အစား တချို့ယူပြီး ထွက်သွားတယ်"

"ဘယ်ကိုလဲ .."

"သူ့သူငယ်ချင်း ချောစုတို့အိမ်ကို။ အဲဒီမှာ သူ တစ်ပတ် လောက် သွားနေမလို့တဲ့"

ကျော်ထင် စိတ်တိုသွားသည်။

"မင်းက ဘာလို့ လွှတ်လိုက်ရတာလဲ"

"မလွှတ်လို့ရမလား။ သူ့သူငယ်ချင်းဆီ ..ခဏသွားမနေရ ရင် သူရန်ကုန်ပြန်တော့မယ်တဲ့၊ သူ့အဘွားဆီလွှတ်လိုက် ရမလား"

ဒါတော့ မဖြစ်နိုင်။ သူ့အဘွားဆီရောက်လျှင် သူ့အဘွား က၊ လုံးဝပြန်လွှတ်တော့မှာမဟုတ်။ဖြစ်ပြီးခဲ့သမျှကိစ္စတွေကို ဘေ ဘီကဖုန်းဆက်ပြောလျှင်လည်း၊ သူ့အဘွားကချက်ချင်းရောက်လာ ကာ သူ့မြေးကိုခေါ်ဆောင်သွားပေမည်။ဒီအရွယ်က သူ့အဘွားကို ဖုန်းမဆက်ပါနှင့်ဟု တားမြစ်၍ရကောင်းသော အရွယ်မဟုတ်။သူ့ မိန်းမ ကေသီက ..

"သုံးလေးရက်တစ်ပတ်လောက်တော့၊စိတ်ပြေလက်ပျောက် သွားနေပါစေ၊ သုံးလေးရက်နေရင် ကျွန်မ ..ချော့ပြီးပြန် ခေါ်ပါ့မယ်"

ဆိုသဖြင့် လက်လျှော့လိုက်ရသည်။ ချောစုတို့ အိမ်တွင် လည်း ချောစုကတစ်ဦးတည်းသောသမီးဆိုသဖြင့် နေရထိုင်ရသာ



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေလိမ့်မည် ထင်ပါသည်။

နေ့ခင်းတွင်သူက မြို့လယ်စတိုးဆိုင်မှ ဒါန်းလေးခု ဝယ်လာကာ၊ ခြံထောင့်က ပိတောက်ပင်ကြီးအောက်တွင် ဆင်သည်။ ထိုဒါန်းလေးခုက သူတို့သားအဖလေးယောက်စီးဖို့ရည်ရွယ်သည်။ မိသားစုလေးယောက် ပျော်ပျော်ပါးပါးဒါန်းစီးနေကြတာက သူ့အနာဂါတ်စိတ်ကူးထဲက ရုပ်ပုံလွှာတစ်ခုဖြစ်သည်။ ဘေဘီက ဒါန်းစီးရတာနှစ်သက်သည်။ ဘေဘီပြန်လာ၍ ခြံထောင့်တွင်၊ဤဒါန်းကလေးတွေကိုမြင်ရလျှင် ဝမ်းသာပျော်ရွှင်လိမ့်မည် ထင်ပါသည်။ ဒီတစ်ခါတော့ သူ့သမီးကလေးကို၊ စိတ်ညစ်အောင်မလုပ်တော့ဟု တွေးလိုက်၏။ သို့သော် ..

နောက်တစ်နေ့တွင်ဖြစ်ပေါ်လာမည့်၊မထင်မှတ်သည့်ထိတ်လန့်ခြောက်ခြားဖွယ်ရာ ကိစ္စက၊ သူ၏မျှော်လင့်ချက်အိပ်မက်ကို ပျက်ပြားသွားစေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်တွင် ရုတ်ရုတ်သဲသဲအသံတွေကြောင့် ကိုကျော်ထင်သည် အိပ်ယာကနိုးလာ၏။အပေါ်ထပ်ပြတင်းပေါက်ကကြည့်လိုက်တော့ တစ်ဘက်ခြံထဲတွင်၊ လူတွေရှုတ်ထွေးနေတာတွေ့ရသည်။ ဝန်းခြံထဲမှာ ရဲဝတ်စုံနှင့်လူတွေ။ သူနာပြုဝတ်စုံနှင့်လူတွေ၊ ခြံဝန်းအပြင်ဘက်မှာလည်း ရပ်ကွက်ထဲကလူတွေ။ တစ်ခုခုတော့ ဖြစ်နေတာသေချာသည်။ ဘာဖြစ်နေသလဲ မသိ။ ထို့ကြောင့် ကိုကျော်ထင်သည် အိမ်ပေါ်မှဆင်းလာကာ တစ်ဘက်ခြံရှေ့သို့ရောက်လာခဲ့သည်။

ခြံဝတွင် ရပ်ကွက်ထဲကလူတွေစုဝေးကာ၊ အိမ်ထဲသို့မျှော်ငေးကြည့်ရင်း၊ တစ်ယောက်တစ်ပေါက်ပြောဆိုနေကြသည်။ကျော်ထင်က သူနှင့်မျက်မှန်းတန်းမိနေသော၊ မိန်းမကြီးတစ်ယောက်ကိုမေးကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ဘာဖြစ်နေတာလဲ ခင်ဗျာ .."

"ဒီအိမ်ထဲမှာ လူသတ်မှုဖြစ်လို့လေ။ ဒီ ရုပ်ကွက်ကတော့ ဘာတွေဖြစ်နေလဲမသိဘူး။ဆက်နေရမှာတောင် ခတ်လန့်လန့်ပဲ"

ထိုစကားကြောင့် ကျော်ထင်လန့်သွားမိသည်။

"ဘယ်သူ အသတ်ခံရတာလဲ"

"ဒီအိမ်က မိန်းမနဲ့ကလေး"

"ဒီအိမ်က မိန်းမဆိုတာ ဟို ဘီးတပ်ကုလားထိုင်နဲ့နေတဲ့ မိန်းမလား"

"ဟုတ်တယ်လေ။ သူ့အပြင်ဘယ်သူရှိသေးလို့လဲ။ပြီးတော့ ကလေးရောပဲ"

"ရက်စက်လိုက်တာဗျာ။ ဘယ်လိုလူမျိုးက ..ဒီလိုလုပ်တာလဲ"

"သူ့ယောကျ်ားကလေ"

"ဗျာ .."

အာမေဋိတ်သံ ကျော်ထင့်နှုတ်ခမ်းဖျားက၊ပွင့်ထွက်၍သွားသည်။

"သူ့ .. ယောကျ်ားက ဟုတ်လား"

"ဟုတ်တယ်"

ဘေးမှ အနည်းငယ်တတ်သိပုံရသော အသက်လေးဆယ်ခန့် ရှိသူကပြောသည်။


www.burmeseclassic.com

www.burmeseclassic.com

"ဒီလူက စိတ်ကျရောဂါစွဲကပ်နေတာလေ.. စိတ်ပညာအခေါ်အရတော့ ဒီပရက်ရှင်းခေါ်တာပေါ့။ အဲသလို လူမျိုးတွေက လူသတ်တတ်တယ်"

ကျော်ထင်က သူတွေ့ဖူးသည့် ကိုစိုးထိုက်ပုံကို ပြန်လည်မြင်ယောင်ကြည့်၏။ ထောင်ထောင်မောင်းမောင်းလူထွားကြီးတစ်ယောက်။ သို့သော် မျက်မှောင်ကုတ်ကုတ်နှင့် အရာရာကိုအလိုမကျသည့်ဟန်ပေါက်နေသည်။

"သူ့ဘဝကလည်း ဒုက္ခတော်တော်ကြီးတယ်။ လူမမယ်ကလေးနဲ့ ဒုက္ခိတနေးသည်ကို မပြတ်ပြုစုစောင့်ရှောက်နေရတယ်။ ကုမ္ပဏီကလည်းအရှုံးပေါ်လို့ ..ပိတ်လိုက်ရတယ်။ အိမ်ကလည်း ပေါင်ထားတာ ကြွေးနဲ့သိမ်းခံရတော့မယ်။ ဆင်းပေးဖို့ နို့တစ်ပေးထားပြီးပြီ။သူ့ဘဝက ထွက်ပေါက်မရှိတော့တဲ့ဘဝ။ ဒါကြောင့် ဒီလမ်းကိုရွေးသွားတာပဲ"

"ဘယ်လိုလုပ်လိုက်တာလဲ .."

"နှစ်ယောက်လုံးကိုအဆိပ်ခတ်သတ်လိုက်တယ်ပြောတယ်။ မနက်မိုးလင်းတော့ ရဲဌာနကို ..သူကိုယ်တိုင်ဖုန်းဆက်ပြီးဝန်ခံလိုက်တာပဲ"

မကြာခင် ..တိုက်အိမ်ထဲကထွက်လာသော ကိုစိုးထိုက်ကိုတွေ့ရသည်။ သူ့ကိုလက်ထိပ်ခတ်ကာ ရဲနှစ်ယောက်က ခြံရံထားသည်။ သူသည် ဘေးဘီကိုငေးကြည့်မနေပဲ ခေါင်းကိုငုံ့ထားကာ ရဲကားပေါ်တက်သွားလေသည်။ ကိုကျော်ထင်လှမ်းမြင်လိုက်ရသော



www.burmeseclassic.com

www.burmeseclassic.com


က သူ့မျက်နှာတွင် မျက်ရေတွေစို့ရွှဲနေခြင်းဖြစ်၏။

မကြာမီ လူနာတင်ထမ်းစင်တွေနှင့်၊ အိမ်ရှင်မိန်းမခင်ခင်လေးဆိုသူနှင့် သူ့သားဇော်နိုင်လေး၏အလောင်းတွေကို ထုတ်လာကြသည်။အလောင်းတွေကို အဝတ်ဖြူကြီးလွှမ်းအုပ်ထား၏။ဆက်ကြည့်မနေနိုင်တော့ပဲ ကျော်ထင်အိမ်သို့ပြန်လာခဲ့သည်။ သူသည် စိတ်နောက်ကျိကာ၊ မူးဝေအော့အန်ချင်နေ၏။သူ့မိန်းမက သိချင်စိတ်ပြင်းထန်နေလေသည်။

"ဘာဖြစ်ကြတာလဲဟင်။ ဘာဖြစ်ကြတာလဲ"

အကြောင်းစုံကို သူပြောပြလိုက်တော့၊ ထိတ်လန့်ခြောက်ခြား၍ သွားလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

ဒီသေနတ်ထဲမှာ ကျည်ဆန်အပြည့်ထည့်ထားတယ်ကောသိ။ ဒီတော့ မင်း ယူမကိုင်နဲ့။

( ၇ ) အခြောက်အလှန့်များ

နေ့မိုးဆောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ( ၇ ) အခြောက်အလှန့်များ

ကိုကျော်ထင်က ..အံဆွဲကို ဖွင့်လိုက်သည်။ အံဆွဲထဲတွင် ခြောက်လုံးပြူးသေနတ်တစ်လက်။ ခြောက်လုံးပြူးကိုကောက်ကိုင်၍ကြည့်လိုက်၏။ကျည်ဆံခြောက်တောင့်လုံးထည့်ထားသဖြင့်၊ကိုင်ရတာ စီးစီးပိုးပိုးရှိသည်။အခန်းထဲသို့ရုတ်တရက်ဝင်လာသော၊ကေသီက ခြောက်လုံးပြူးကိုင်ထားသော ကျော်ထင်ကိုတွေ့ကာ ရုတ်တရက် လန့်သွား၏။

"ကိုကျော်ထင် ဘယ်ကခြောက်လုံးပြူးကြီးလဲ .."

ဟုအလန့်တကြားမေးတော့ ..

"ဟုတ်တယ်။ ငါတို့အိမ်ကို ဖေါက်ထွင်းမှုဖြစ်တာ မှတ်မိသေးလား။ နောက်တစ်ခါဖြစ်ရင် ငါ့အနေနဲ့ ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကာကွယ်ဖို့နဲ့ ကိုယ့်မိသားစုကို ကာကွယ်ဖို့ လိုအပ်တယ်ထင်ပြီး ဝယ်ထားလိုက်တာပါ"

ပထမအကြိမ် အိမ်ကိုဖေါက်ထွင်းဝင်ရောက်လာသူက၊သူ့ကိုရိုက်နှက် ထွက်ပြေးသွားခဲ့သည်။သူ့မိသားစုကို အန္တရာယ်မပြုခဲ့တာပင် ကံကောင်းသည်ဟု ဆိုရပေမည်။

"ဒါက ငါလိုင်စင်နဲ့ တရားဝင် ကိုင်ဆောင်ထားတဲ့ သေနတ်ပါ ..ကေသီ"

"ဘာပဲဖြစ်ဖြစ်ရှင်။ ဒီသေနတ်လို လူသတ်လက်နက်တစ်ခုမြင်ရတာ ကျွန်မရင်တုန်တယ်၊ မြန်မြန် ပြန်သိမ်းထားလိုက်ပါ"

ကျော်ထင်က သေနတ်ကိုအံဆွဲထဲထည့်ကာပြန်သိမ်းလိုက်ရင်း ..

"ဒီသေနတ်ထဲမှာ..အဆင်သင့်ကျည်ဆံတွေထည့်ထားတယ် ကေသီ။ ဒီတော့ မင်းယူမကိုင်နဲ့။ မတော်တဆကျည်ဆံထွက်သွားနိုင်လို့"

"ရှင့်သေနတ်ကို ငွေတွေပုံပေးမယ်ဆိုရင်တောင်မကိုင်ဘူး။ သေနတ်ဆိုတာကို တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါမြင်ဖူးတာပဲ။ ဘေးအိမ်ကခြောက်ခြားစရာတွေဖြစ်နေတုန်း ရှင်နဲ့သေနတ်ကို မြင်လိုက်ရတော့ လန့်သွားတာ..။ ရှင်ကပဲ ကိုစိုးထိုက်လို လုပ်တော့မလား ထင်သွားတာ"

"ကြံကြံစည်စည်ကွာ။ ကိုစိုးထိုက်ဆိုတဲ့သူက ယဥ်ယဥ်က



www.burmeseclassic.com

www.burmeseclassic.com



လေးရှုးနေတာ။ ဒါထက် ဟိုဘက်အိမ်က အဖြစ်တွေကို တို့အိမ်ကကလေးတွေ အသိမပေးနဲ့နော်”

ဟုတားမြစ်လိုက်သော်လည်း ကေသီက ..

“ဒီကိစ္စက ..တစ်ရပ်ကွက်လုံးပြန့်နေတာ။ ဘေဘီလေးက တော့ သိနေလောက်ရောပေါ့။သူ့ကိုတော့ ဖုံးဖိထားလို့မရဘူး။ အပါကိုတော့ ..လိမ်ပြောထားမယ်လေ။ သူကတစ်ဘက်အိမ်ကကောင်လေးနဲ့ ကစားနေကျ”

နေ့ခင်းတွင် ကျော်ထင်က၊သူ့အလုပ်ရှိရာထွက်သွားသည်။ ကေသီက ရေချိုးခန်းထဲတွင် အဝတ်လျှော်နေစဉ်၊ဆူဆူညံညံအသံတွေကြားရသဖြင့် လာကြည့်သောအခါ ဧည့်ခန်းထဲရှိတယ်လီဗေးရှင်းစက်ကြီး ပွင့်နေတာမြင်ရ၏။ဧည့်ခန်းထဲတွင် ..ဘယ်သူမှမရှိ။ သူနှင့် အပါလေးသာရှိသည်။ အပါလေးက ရုပ်မြင်သံကြား ဖွင့်ကြည့်ကာ ပျင်းတော့ သူ့အခန်းပြန်သွားဟန်တူသည်။ ရုပ်မြင်သံကြားစက်ကိုပိတ်ဖို့ မေ့သွားဟန်တူ၏။ကေသီက ရုပ်မြင်သံကြားစက်ကိုပိတ်လိုက်၏။

ထိုအခိုက် အခန်းထဲမှ အော်ဟစ်ပြေးလွှားနေသော၊အသံကြားရ၏။အပါလေးတစ်ယောက်တည်း သောင်းကျန်းနေခြင်းဖြစ်သည်။ နောက်နောင် ရုပ်မြင်သံကြားစက်ကြည့်ပြီးလျှင် စက်ပိတ်ဖို့ သတိပေးစကားပြောမည်ဟု၊ ထိုအခန်းတံခါးကိုဖွင့်ဝင်လိုက်ရာ

အပေါက်ဝ ကြမ်းပြင်တွင်ကျနေသည့်၊ ကစားစရာ မော်တော်ကားကလေးကိုနင်းမိကာ ခြေချော်၍ဖင်ထိုင်လျက်လဲကျသွား



www.burmeseclassic.com

www.burmeseclassic.com


၏။ ကေသီက ..

"သား သားကိုမေမေပြောထားတယ်မဟုတ်လား။ ကစား စရာအရုပ်တွေကို ဆော့ပြီး ဒီလိုကြမ်းပြင်ပေါ် ပြန့်ကျဲမ ထားရဘူးဆိုတာ .."

ဒီအရုပ်တွေ သားမဆော့ထားဘူးဆိုရင် ဘယ်သူဆော့ ထားတာလဲ။ သူ့ယောကျ်ားအိမ်ပြန်လာတော့ ကေသီက တိုင်ပင်သည်။

"ဒီတော့ ကျွန်မတို့ဒီအိမ်ကြီးကိုရောင်းပြီး မန္တလေးကိုပြန် ကြရအောင် ကိုကျော်ထင်"

ဟုကေသီက တောင်းပန်၏။

"မဖြစ်ဘူးကေသီ။ ငါက ယောကျ်ားတစ်ယောက်ပါ။မင်း အမေက · အထင်သေးအမြင်သေး ဆက်ဆံတာကို ငါမခံ နိုင်ဘူး။ ငါ့မှာ မာနရှိပါသေးတယ်..၊ဒီအိမ်ကိုလည်းမစွန့် နိုင်ဘူး။ ဒီအိမ်က ငါ့ရဲ့မျှော်လင့်ချက်။ ဒီအိမ်ကငါ့ဘဝ၊ ဒီအိမ်က ငါ့အနာဂတ်။ ဒီအိမ်က ငါ့အိပ်မက်ပဲ။ ဒီအိမ် က ဘယ်တော့မှ မစွာဘူး။အို နောက်ဆုံး ဒီအိမ်ကိုဖက် ပြီးပဲဖြစ်ဖြစ် ငါအသေခံမယ် ကေသီ"

ခေါင်းမာလှသောသူ့ခင်ပွန်းကိုကြည့်ကာ ကေသီစိတ်ပျက် သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်း ဘာလာလုပ်တာလဲ"

"ကျွန်တော် အပါလေးကိုလာခေါ်တာ"

"မဖြစ်နိုင်ဘူး။ မင်းနဲ့ငါ့သားက ဘ၀ခြားနေပြီ"

"ကျွန်တော် တမလွန်မှာနေရတာပျင်းတယ်။ သူငယ်ချင်း မရှိဘူး။ ဒီတော့ သူ့ကိုခေါ်သွားမယ်"

( ၈ ) မိုးပျံသရဲ



www.burmeseclassic.com

www.burmeseclassic.com

## ( ၈ ) မိုးပျံသရဲ

အခန်းအပြင်မှခြေသံတရှပ်ရှပ်ကြားရသဖြင့် အအိပ်ဆတ်သောကိုကျော်ထင်က နိုး၍လာသည်။သူ့အိပ်ယာက ထကာကြည့်လိုက်တော့ သူ့ဘေးတွင်အိပ်ပျော်နေသော ကေသီနှင့်သားကလေးအပါကိုတွေ့ရသည်။ နေ့ခင်းက ခြောက်ခြားထိတ်လန့်ဖွယ် ကိစ္စတွေ ကြုံခဲ့ရသဖြင့် ကေသီသည် အတော်ပင် ထိခိုက်ကြေကွဲခဲ့ရသည်။ အခုတော့ တကယ်အပြစ်ကင်းမဲ့တဲ့ ကလေးတစ်ယောက်လို နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေလေသည်။

သူ အိပ်ယာမှအသာထကာ ကုတင်ပေါ်ကဆင်းလိုက်၏။ အပြင်ဘက်က ခြေသံတရှပ်ရှပ်ကြားနေရတာက၊အထင်အရှားပင်။ ဒီတော့ ထွက်ကြည့်မှဖြစ်မည်။ ထိုအခိုက် ကေသီကိုတော့ နိုးမ



www.burmeseclassic.com

www.burmeseclassic.com



လာစေချင်။ ပို၍ စိတ်သောကရောက်နေမှာ၊ စိုးသောကြောင့်ဖြစ်သည်။ သူ ..အပြင်ထွက်လိုက်သည်။အပြင်တွင် မှောင်ကျနေ၏။ သို့သော် ..မှန်ပြတင်းတံခါးက အလင်းရောင်ကတော့ ဝင်ရောက်နေ၏။

ထိုလရောင်ထဲတွင် သူ့ကိုကျောပေးရပ်နေသည့်၊ ကလေးတစ်ယောက်ကိုတွေ့လိုက်ရသည်။ထိုကလေးအနားကို သူချဉ်းကပ်သွား၏။ ကလေးက ကျော်ထင်အနားမရောက်ခင် သူ့ခေါင်းကို နောက်သို့လှည့်လိုက်သည်။ခေါင်းကသာနောက်ပြန်လည်ကာ၊မျက်နှာက ကျော်ထင်နှင့် မျက်နှာချင်းဆိုင်ဖြစ်သွားသော်လည်း၊ ခန္ဓာကိုယ်ကမူ ရပ်နေမြဲအတိုင်း ကျောပေးထားမြဲဖြစ်၏။ခေါင်းကိုထူးခြားစွာ ၁၈၀ ဒီဂရီပြည့်အောင် လှည့်လိုက်သော်လည်း၊ သူ့မျက်နှာက ထိမိုက်နာကျင်မှုကိုမပြ။မြင်လိုက်ရသည့်ကျော်ထင့်အတွက်သာ ထိတ်လန့်တုန်လှုပ်စရာဖြစ်နေ၏။မျက်နှာကိုမြင်တော့မှ ဤကလေးမှာ တစ်ဘက်အိမ်က ဇော်နိုင်ကလေး ဖြစ်နေလေသည်။ ကျော်ထင်က ရဲစိတ်တင်ကာမေးလိုက်သည်။

"မင်း ဘာလာလုပ်တာလဲ"

"ကျွန်တော် အပါလေးကိုလာခေါ်တာပါ"

"မဖြစ်နိုင်ဘူး။ မင်းနဲ့ငါ့သားက ဘဝခြားနေပြီ။ နောက်မလာပါနဲ့"

"ကျွန်တော် တမလွန်မှာနေရတာပျင်းတယ်။ သူငယ်ချင်းမရှိဘူး။ သူ့ကိုခေါ်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မခေါ်နဲ့"

ဒေါသနှင့်အော်ရင်း ကျော်ထင်က နံရံကမီးခလုတ်ကိုဖွင့်လိုက်သည်။ အခန်းထဲတွင် လင်းထိန်၍သွား၏။ပြတင်းပေါက်အနီးတွင်ရပ်နေသော ဖော်နိုင်ကလေးကိုမတွေ့ရတော့။ကျော်ထင်က အခန်းထဲတွင် လှည့်ပတ်ရှာသည်။အခန်းထောင့်တွင်ရှိသော မော်တော်ကားကလေးက အသက်ဝင်လာသလို ရုတ်တရက်သူ့ဆီ ဦးတည်မောင်းလာတာ တွေ့လိုက်ရ၏။ သူကရှောင်လိုက်တော့ နံရံတွင်ထိကာ ရပ်သွားသည်။

"ဘာတွေဖြစ်နေတာလဲ ကိုကျော်ထင်"

အခန်းတံခါးပွင့်သွားကာ အထဲမှကေသီထွက်လာရင်းမေးလိုက်သည်။

"ဘာမှ မဖြစ်ပါဘူး"

အပြင်က ဆူဆူညံညံအသံတွေကြောင့်၊ကေသီနိုးလာဟန်တူ၏။ သူက ဒီမှာဖြစ်နေတာတွေကို ကေသီမသိစေချင်။သိလျှင်ထိတ်လန့်နေမှာစိုးသည်။ သို့သော် ကေသီက ..

"ဟော ..ဟိုမှာကြည့်စမ်း။ ဟိုဘက်အိမ်က မိန်းမမဟုတ်လား"

ဟုလက်ညှိုးထိုးကာ၊အလန့်တကြားပြောလိုက်သည်။ကျော်ထင် လှည့်ကြည့်လိုက်တော့ ဘီးတပ်ကုလားထိုင်နှင့်ထိုင်နေသော၊တစ်ဘက်အိမ်ကမိန်းမ ခင်ခင်လေးကိုတွေ့ရ၏။ သူ့ ဘီးတပ်ကုလားထိုင်နောက်တွင် သူ့သားဖြစ်သူ ဖော်နိုင်ကရပ်နေ၏။ သူတို့



www.burmeseclassic.com

www.burmeseclassic.com


ကြည့်နေစဉ်မှာပင် ဇော်နိုင်ကလေးက ဘီးတပ်ကုလားထိုင်ကို၊သူ တို့ဆီတွန်းလာ၏။သူတို့နှစ်ယောက်လုံး အလန့်တကြားနောက်ပြန် ထွက်ပြေးကြသည်။

သို့သော် ဘီးတပ်ကုလားထိုင်က လေထဲတွင်ပျံဝဲကာ သူ တို့ခေါင်းပေါ်မှကျော်ပြီး၊ သူတို့ရှေ့ ပြေးလမ်းမှာ ပိတ်ကာကျလာ သည်။ ကြည့်ရသည်မှာ နဂိုကပင်အရုပ်ဆိုးလှသော ခင်ခင်လေး မှာ၊ ယခုတစ္ဆေသရဲဘဝ ရောက်သောအခါ ပို၍ပင် အရုပ်ဆိုးနေ သည်ဟုပြောနိုင်၏။မကြောက်စဖူး ကျော်ထင်ကိုယ်တိုင်ပင်၊ထိတ် လန့်နေ၏။ ကေသီကတော့ သူ့ခင်ပွန်းကို၊အားကိုးတကြီးသဘော ထားကာ ကျော်ထင်နောက်ကျောဘက်တွင် ဝင်ပုန်းလိုက်သည်။

"မင်းတို့ ဘာလာလုပ်တာလဲ။အခု တို့အိမ်ကထွက်သွား"

ကျော်ထင်က ကိုယ့်ကိုယ်ကိုယ်ရဲဆေးတင်ကာ ပြောလိုက် သည်။ ထိုအခိုက်မှာပင် ရုတ်တရက်ခင်ခင်လေးက သူ့လက်တစ် ဘက်ကိုဆန့်ထုတ်လိုက်၏။ ခင်ခင်လေးနှင့် သူတို့နှစ်ယောက်ရပ် နေရာမှာ ဆယ်ပေခန့်ဝေးကွာနေလေရာ၊ကုလားထိုင်ပေါ်တွင်ထိုင် လျက် လက်ကိုလှမ်းလိုက်သော်လည်း ခင်ခင်လေးလက်သည် သူ တို့ထံရောက်လာစရာ အကြောင်းမရှိ။

သို့သော် ကြည့်နေစဉ်မှာပင် ခင်ခင်လေး၏ လက်သည် အဆမတန်ရှည်ထွက်လာကာ၊ ကျော်ထင့်မျက်နှာအနီးသို့ရောက်ရှိ လာလေသည်။ထိုလက်များမှာ အရိုးပေါ်အရေတင်ဟုဆိုရလောက် အောင်ပင်ပိန်ခြုံးနေရုံမက လက်သည်းတွေကလည်း ခါးသွမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



လို ချွန်ရှနေလေရာ ..

"အား .."

ကနဲ အော်သံထွက်သွားသည်။ ကျော်ထင့်ဘေးတွင်အိပ်နေသော ကေသီက ထိုအော်သံကြောင့်လန့်နိုးသွား၏။ ကျော်ထင်သည် အိပ်နေရင်းပင် ရှန်းကန်တွန့်လိမ်နေ၏။

"ကိုကျော်ထင် .. ကိုကျော်ထင် ဘာဖြစ်နေတာလဲ"

အတင်းလှုပ်နှိုးတော့မှ ကျော်ထင်နိုးလာ၏။ ဒီတော့မှ .. ကျော်ထင်လည်း သူသည်ကြောက်စရာကောင်းသော၊အိပ်မက်တစ်ခုကို မြင်မက်နေကြောင်း သတိပြုမိသွားသည်။

"ငါ .. ငါ .. အိပ်မက်ဆိုးမက်နေတာပါ"

"ဘာလဲ။ တစ်ဘက်အိမ်က လူတွေအကြောင်းလား"

ကေသီကမေးသော်လည်း၊ကျော်ထင်ကထုတ်မပြောတော့။ သူတောင် ဒီလိုဖြစ်နေလျှင် သူ့မိသားစုက ဘယ်လိုနေမည်နည်း။ အိပ်ယာထဲကထကာ မီးဖွင့်လိုက်သည်။တစ်ခန်းလုံးလင်းလာတော့ ကြောက်စိတ်တော်တော် လျော့ပါးသွား၏။ သူရပ်နေတာက ပြတင်းပေါက်အနီးဖြစ်ရာ၊ လေကောင်းလေသန့်ကို ခဏရှူရန် ပြတင်းပေါက်တံခါးကို ဖွင့်လိုက်၏။ ဖွင့်ပြီးမှ သူ မှားမှန်းသိသွားသည်။ ဤပြတင်းပေါက်ကကြည့်လျှင် တစ်ဘက်အိမ်ကအိမ်ကြီးကို အထင်းသားမြင်နေရသည်။ သူက မကြည့်ဘူးဟု စိတ်တင်းထားသော်လည်း၊ မျက်လုံးတွေက မရည်ရွယ်ပဲ ခြံထဲရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com


ခြံထဲတွင် ..ဘီးတပ်ကုလားထိုင်တစ်လုံး။ ဘီးတပ်ကုလားထိုင်ဘေးတွင် မိန်းမတစ်ယောက်ရပ်နေတာ လရောင်အောက်တွင် တွေ့လိုက်ရ၏။ ထိုမိန်းမကား ခင်ခင်လေးဖြစ်နေလေသည်။ ခင်ခင်လေးသည် သူ့ရှိရာကို ငေးစိုက်ကြည့်နေသဖြင့်၊ ကျော်ထင်က ကိုယ်ကိုနောက်သို့ဆုတ်ကာ ကွယ်လိုက်ရာ၊ သူ့ဘေး ရောက်လာသောကေသီကို ဝင်တိုက်မိလေတော့သည်။ ကေသီက ..

"ဘာဖြစ်တာလဲ ကိုကျော်ထင်"

ဟုမေးသည်။ ပြီးတော့ ခြံထဲကို ကေသီက လှမ်းကြည့်လိုက်သဖြင့် သူက ..

"မကြည့်နဲ့ .." ဟုတားလိုက်၏။"ဘာဖြစ်လို့လဲ .."

ကေသီက အေးအေးလူလူပြန်မေး၏။ ကေသီ့ အနေဖြင့် ဘာမှထူးထူးခြားခြားတွေ့ဟန်မရှိ။ ဒီတော့မှ ကျော်ထင်ကလည်း လှမ်းကြည့်လိုက်သည်။ ခြံထဲတွင် သူဘာကိုမှမမြင်ရ။ လရောင်ဆမ်းထားသော စိမ်းမြမြမြက်ခင်းကိုသာ မြင်နေရလေသည်။ သူက တံခါးကိုဆွဲပိတ်လိုက်၏။

အိပ်ယာထဲပြန်ဝင်ခဲ့သည်။ဤအတိုင်းဆို သူကိုယ်တိုင်ပင် ဤအိမ်၌ဆက်လက်နေထိုင်ရန်၊ အစက်ကြုံနေလေသည်။သူ့အနေဖြင့် ကေသီတို့ဆန္ဒကိုလိုက်လျောကာ မန္တလေးသို့ပြန်လိုက်သွားရလျှင် ကောင်းလေမည်လား။ အတွေးတို့ဖြင့် သူ့ခေါင်းသည်ရှုတ်ထွေး နောက်ကျိလာလေရာ၊ မိုးလင်းကာနီးမှပင် ကောင်းစွာအိပ်ပျော်သွားပါလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

"အင်း .. ဆရာကလည်း ဒီနေ့ပဲပုပ္ပါးကို စခန်းဝင်ဖို့ခရီးထွက်ရတော့မယ်။ ဒီတော့ အိမ်အထိ လိုက်မကူနိုင်ဘူး။ ဒါပေမယ့် မပူပါနဲ့။ ရေမန်းနဲ့ ပရိတ်ချည်တွေပေးလိုက်မယ်"

( ၉ ) ဒါန်းစီးတစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

## ( ၉ ) ဒါန်းစီးတစ္ဆေ

"နင်ဘာလို့ နင်တို့အိမ်ကို မပြန်တာလဲ"

မြို့ထဲကစားသောက်ဆိုင်မှာ အတူထိုင်ကာစားသောက်နေကြရင်း၊ အောင်မင်းသိုက်ကမေးလိုက်သည်။ ထိုဝိုင်းတွင် ချောစုနှင့်ဘေဘီအပြင် တခြားသူတို့သူငယ်ချင်း၊ကောင်လေးနှစ်ယောက်လည်း အတူတူထိုင်နေကြသည်။ ဤဆိုင်မှာ စားစရာတော်တော်စုံစုံလင်လင်ရရာ နေရာထိုင်ခင်းကလည်း၊သန့်ရှင်းသပ်ယပ်သဖြင့် သူတို့သူငယ်ချင်းတစ်သိုက် မကြာခဏ၊ လာရောက်ထိုင်တတ်ကြသည်။

"ငါမပြန်ချင်လို့ပေါ့"

ဘေဘီက၊မုန့်တီကိုတူနှင့်ညှပ်ကာစားရင်းပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်သူငယ်ချင်းတွေက ဗွန်းခက်ရင်းတွေနှင့်စားနေခိုက်၊ဘေဘီက တူနှင့်စားနေသဖြင့် အများက အထူးအဆန်းဖြစ်နေသည်။

"နင့်အမေနဲ့ ရန်ဖြစ်လာလို့မဟုတ်လား"

"မဟုတ်ဘူး"

"ဒါဆို နင့်အဖေနဲ့ရန်ဖြစ်လာလို့ ဖြစ်ရမယ်"

"မဟုတ်ဘူး"

"ငါသိတယ်"

အောင်မင်းသိုက်က ပြောလိုက်ခြင်းဖြစ်သည်။ အားလုံး၏အာရုံတွေက သူ့အပေါ်ကျရောက်သွား၏။ သူပြောမည့်စကားကို စိတ်ဝင်စားဟန်ဖြင့် ဘေဘီကိုယ်တိုင်ကပင်နားစွင့်နေသည်။

အောင်မင်းသိုက်က အိုက်တင်ခံကာ ..

"ငါသိပါတယ်။ သူ ..သရဲကြောက်လို့ မပြန်တာ"

ဟုပြောလိုက်လေသည်။ ဆက်၍ ..

"မင်းတို့စဉ်းစားကြည့်လေ။ ဟို လူသတ်ခံရတဲ့အိမ်ကြီးကို ငါတို့ဝင်ကြည့်တုန်းကလည်း၊ သူ သရဲနဲ့တိုးပြီးထိတ်လန့်ခဲ့ရတယ် မဟုတ်လား။ အခု ..သူတို့ အိမ်ဘေးမှာလည်း လူသတ်မှုဖြစ်တယ်ဆိုတော့ .."

တစ်ယောက်က ဝင်ကာ ..

"အသတ်ခံရတာမှ တစ်ယောက်တည်းတောင်မဟုတ်ဘူး၊ နှစ်လောင်းပြိုင်"

"လူတွေက အစိမ်းသေတွေဆိုတော့ ဘယ်ကျွတ်ပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com


"တော်ကြ။ နင်တို့သူကြောက်အောင် ပြောမနေကြနဲ့"

ဝင်ကာ ချောစုက ဟန့်တားလိုက်ခြင်းဖြစ်သည်။သို့သော် ဘောဘီက မျက်နှာထားခတ်တည်တည်ဖြင့် ..

"ပြောကြပါစေ။ ငါမကြောက်ပါဘူး။ ငါကလေးမဟုတ်ဘူး"

"အဲဒီအိမ်က အစ အရမ်းသရဲခြောက်နေတယ်တဲ့။ နည်းနည်းမှောင်တာနဲ့ အဲဒီအိမ်ရှေ့က ဘယ်သူမှတောင်ဖြတ်မလျှောက်ရဲဘူးတဲ့"

"ဟိုနေ့က ...ဘီးတပ်ကုလားထိုင်နဲ့ မိန်းမကြီး အိမ်ထဲကထွက်လိုက်လို့တဲ့"

ဘောဘီက ဂရုမစိုက်သည့်ဟန်ဖြင့် နေပြသော်လည်းစိတ်ထဲကတော့ အနည်းငယ် ထိတ်လန့်နေမိသည်မှာအမှန်။ သူကိုယ်တိုင်ပင် သရဲဆိုတာကို တစ်ခါကနဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ခဲ့ရဖူးသည်မဟုတ်လား။

သူပုံပန်းပျက်နေသည်ကိုကြည့်ကာ ကျန်လူတွေကလှောင်ရယ်ကြသည်။

"တွေ့လား .. နင်ကြောက်နေပြီမဟုတ်လား။ ဒါကြောင့်နင် အိမ်မပြန်ရဲတာပေါ့"

"ငါမကြောက်ဘူး။ ငါမပြန်ချင်လို့ မပြန်တာ"

"ကြောက်လို့မပြန်တာ"

သူနှင့်အောင်မင်းသိုက်တို့ တစ်ယောက်တစ်ပြန် ငြင်းထိုး


www.burmeseclassic.com

www.burmeseclassic.com



နေစဉ် ဆိုင်ထဲသို့ ကိုကျော်ထင်ဝင်လာ၏။ သူကလည်း သူ့မိတ်ဆွေများနှင့်၊ နေ့လည်စာ လာစားခြင်းဖြစ်သည်။ သမီးဖြစ်သူက ကောင်လေးတစ်ယောက်နှင့် အခုလို တွန်းထိုးနေတာ မြင်ရတော့ စိတ်တိုသွား၏။

သမီးဖြစ်သူထံလျှောက်သွားကာ၊ဆူပူလိုက်မည်ဟုကြံသေးသည်။သို့သော် ..ချက်ချင်းပင် ထိုအကြံကိုလက်လျှော့လိုက်သည်။ အခုတလော သူ့သမီးအကြီးနှင့်သူက ဆက်ဆံရတာအဆင်မပြေ။ ထို့ကြောင့် သမီးက အိမ်ကဆင်းသွားကာ သူ့သူငယ်ချင်းဆီသွားနေ၏။ ထို့ကြောင့် ပြဿနာထပ်မဖြစ်ချင်။သမီးကိစ္စကို နောက်မှ ကေသီကိုပြောကာ ထိမ်းသိမ်းခိုင်းမည်ဟု ဆုံးဖြတ်လိုက်၏။

သူတို့က ခတ်လှမ်းလှမ်းစားပွဲမှာ သွားထိုင်ကြသည်။ သူနှင့်ပါလာသော မိတ်ဆွေတစ်ယောက်ကမေး၏။

"ခင်ဗျားမျက်နှာကြည့်ရတာ သုန်သုန်မှုန်မှုန်နဲ့။ ဘာတွေအလိုမကျ ဖြစ်နေတာလဲ"

"အိမ်မှာ စိတ်မချမ်းသာစရာ ကိစ္စလေးတွေ တွေ့နေလို့ပါ"

"ဘာတွေလဲဗျ။ ပြောပြစမ်းပါဦး"

"ခင်ဗျားတို့ကိုပြောရင် ယုံချင်မှယုံမယ်။ ရယ်စရာတောင်ဖြစ်ချင်ဖြစ်နေဦးမယ်"

"ခင်ဗျားက ကျုပ်တို့မှမပြောရင် ဘယ်သူ့များပြောစရာရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ကျော်ထင်က သူကြုံနေရသောကိစ္စတွေကိုပြော ပြလိုက်သည်။သူ့မိတ်ဆွေများမှာ.. ခေတ်ပညာတတ်များဖြစ်သဖြင့် သူပြောပြီးပါက သူ့ကိုဝိုင်းဝန်းလှောင်ပြောင်ကြလိမ့်မည်ဟု ထင် သည်။ သူကလည်း နောက်ဆုံး လှောင်ချင်မှသာ လှောင်ကြပေ တော့။ သူစိတ်သက်သာရာရလည်း မနည်းဘူးဟုယူဆကာ ပြော လိုက်ခြင်းဖြစ်သည်။ သို့သော် သူ့မိတ်ဆွေတွေက ဂရုတစိုက်နား ထောင်ကာ ဘယ်သူကမှ ပျက်ရယ်မပြုကြ။

တစ်ယောက်က ..

"ကျွန်တော်လည်း ကိုယ်တွေ့တော့မကြုံဖူးပေမယ့် ဒါမျိုး တွေကြားဖူးပါတယ်။ ခင်ဗျားပြောသလိုဆို တစ္ဆေသရဲဆို တာ တကယ်ရှိတာပဲ"

နောက်တစ်ယောက်က ..

"ဘယ့်နှယ့် ပြောပါလိမ့်ဗျာ။ ဘုရားက သုံးဆယ့်တစ်ဘုံ ဟောထားတာပဲ၊ သူတို့က.. အပါယ်လေးဘုံ အပါအဝင် ပြိတ္တာဘုံသားတွေလေ။ သေသေချာချာကောင်းမှုကုသိုလ် ပြုမယ့်သူလည်းမရှိတော့ မကျွတ်မလွတ်ဖြစ်နေကြတာနဲ့ တူတယ်"

တစ်ယောက်က ..

"ခင်ဗျား ဒီလောက်စိတ်ညစ်နေရင် ကျွန်တော်ကူမယ်" ဆိုသဖြင့် ကျော်ထင်ဝမ်းသာသွားကာ ..

"ဘယ်လိုကူမှာလဲဟင် .."



www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော့်မိတ်ဆွေ အထက်လမ်းဆရာ ..တစ်ယောက်ရှိတယ်။ သူက ဒီလိုကိစ္စမျိုးတွေမှာ တော်တော်ကိုနိုင်နင်းတယ်။ ခင်ဗျားကို သူ့ဆီခေါ်သွားမယ်"

ကိုကျော်ထင် တွေဝေ၍သွားသည်။ သာမန် အခြေအနေမျိုးသာဆိုလျှင် သူက ဒီလိုကိစ္စကိုစိတ်ဝင်စားလိမ့်မည်မဟုတ်။သို့သော် ယခုအချိန်က၊မရှုနိုင်မကယ်နိုင်အခြေအနေဆိုက်နေသည်။ ရေနစ်သူတစ်ဦးအဖို့ ရေပေါ်ပေါ်နေသောကောက်ရိုးတစ်မျှင်ကိုပင် အားကိုးစရာဟု ထင်မှတ်တတ်သည့်၊သဘောရှိသည်ဟုလည်းကြားဖူးသည်။

"ခင်ဗျားဆရာက တကယ်စွမ်းသလား"

"ကျွန်တော် ကြားရသိရသလောက်ကတော့ အဲဒီဘက်မှာ တော်တော်ပေါက်ရောက်တယ်လို့ ပြောကြတယ်"

ဘေးကမိတ်ဆွေတစ်ယောက်က ဝင်ကာတိုက်တွန်းသည်။

"ဘာဖြစ်ဖြစ် အရှုံးမရှိပါဘူးဗျာ။စမ်းကြည့်လိုက်ပါလား"

နောက်ဆုံးတော့ ကိုကျော်ထင်က၊ထိုဆရာနှင့်တွေ့ရန်ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ရုံးကအထက်လူကြီးဆီခွင့်ပြန်တောင်းကာ သူ့မိတ်ဆွေနှင့်အတူ မြောက်ဥက္ကလာပတွင်နေထိုင်သော၊ထိုအထက်လမ်းဆရာ ကျော်မင်းခေါင်ဆိုသူထံ ထွက်လာခဲ့သည်။

မြောက်ဥက္ကလာပဆိုသော်လည်း ထိုဆရာကျော်မင်းခေါင်ဆိုသူ နေထိုင်ရာက မြောက်ဥက္ကလာပမြို့ထဲတွင် မဟုတ်။အနန်းပင်ရွာထဲတွင်ဖြစ်၏။ အနန်းပင်ရွာထဲရှိ ကျယ်ဝန်းသော ခြံတစ်ခြံ

www.burmeseclassic.com

www.burmeseclassic.com


ထဲတွင်၊ နှစ်ထပ်တိုက်တစ်လုံးရှိ၏။ ထိုနှစ်ထပ်တိုက်အောက်ထပ်တွင် ထိုဆရာကျော်မင်းခေါင်ဆိုသူကို တွေ့ရ၏။

ဆရာကား ထောင်ထောင်မောင်းမောင်း၊ ဗိုက်ရွှဲရွှဲဖြစ်၏။ မျက်လုံးနှာခေါင်းကောင်း၏။အသက်သိပ်ကြီးသေးဟန် မတူသော်လည်း ရှည်လျားသောမုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများကြောင့်၊အသက်ကြီးသူတစ်ဦးဟု မှတ်ယူရ၏။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေက အနက်တွင်အဖြူရောထွေးကာ ကြောင်ကြောင်ကြားကြားရှိ၏။

ယောဂီအင်္ကျီခပ်ပွပွကို အပြင်ထုတ်ကာဝတ်ဆင်ထား၏။ လူပုံကပဟိတ်ဟန်ကောင်းသလို အသံဩဇာကလည်းပြည့်စုံလေရာ၊ တော်ရုံတန်ရုံလူဆိုလျှင် မြင်မြင်ချင်းလေးစားသွားရမည့် သွင်ပြင်ပင်ဖြစ်လေသည်။ မိတ်ဆွေက မိတ်ဆက်ပေးပြီးနောက် သူကြုံခဲ့သမျှတွေကို ကျော်ထင်ကပြောပြလိုက်သောအခါ၊ သူက ခဏမျှ လက်ကာပြပြီး အာရုံယူကြည့်သလို မျက်စိမှိတ်ငြိမ်သက်နေ၏။

"အင်း သနားစရာသားအမိပဲ။ သူတို့ကို ကုသိုလ်ဒါနပြု အမျှအတန်းဝေသူလည်း မရှိတော့ မကျွတ်နိုင်ဘူးဖြစ်နေတယ်"

ဟုတ်တော့ဟုတ်သည်။ဦးစိုးထိုက်ကလူသတ်မှုဖြင့်၊ထောင်ထဲရောက်နေသဖြင့် ရက်လည်ဆွမ်းသွတ် အမျှဝေမှုပင် လုပ်မည့်သူမရှိ။ တခြားနီးစပ်သည့် ဆွေမျိုးအသိုင်းအဝိုင်းလည်းမရှိသဖြင့် ထိုသားအမိနှစ်ယောက်အလောင်းကိုပင်၊ ဆေးရုံကသင်္ဂြိုလ်လိုက်ရ


www.burmeseclassic.com

www.burmeseclassic.com


သည်ကြားသည်။ ရပ်ကွက်ကလည်း တာဝန်မှမယူနိုင်ကြပဲ။အိမ်ချင်းကပ်နေသည့် သူတို့ကိုယ်တိုင်ပင် ဘာတာဝန်မှမယူကြ။

"အင်း ဆရာကလည်းဒီနေ့ပဲ ပုပ္ပါးကိုစခန်းဝင်ဖို့ခရီးထွက်ရတော့မယ်။ ဒီတော့ အိမ်အထိလိုက်မကူနိုင်ဘူး။ ဒါပေမယ့်မပူပါနဲ့။ ရေမန်းနဲ့ပရိတ်ချည်တွေပေးလိုက်မယ်။ ရေမန်းကို ခြံထဲမှာ လျှောက်ပက်ဖြန်းလိုက်။ ဒီ ပရိတ်ကြိုးတွေကတော့ ကိုယ်နဲ့မကွာချည်ထား။ အန္တရာယ်ကြီးကြီးမားမားပေးနိုင်ပါဘူး"

ဆရာ့စကားကိုကြားတော့ အတော်အတန် စိတ်အေးသွားသည်။ ဆရာ့ကို ဥာဏ်ပူဇော်ခပေးကြသော်လည်း မယူ။

"ဆရာတို့အလုပ်က သတ္တဝါတွေကိုကူညီဖို့ပဲ"

သူက မိတ်ဆွေကိုလည်း အခုလို အကူအညီပေးသည့်အတွက် ကျေးဇူးတင်ကြောင်းပြောလိုက်သည်။ အိမ်ပြန်လာသောအခါ သူ့စိတ်မှာ၊အတော်အတန်ပင် ပေါ့ပါးလန်းဆန်းနေလေသည်။ သို့သော် ..

အိမ်ထဲသို့ ဝင်ရောက်လာသောအခါ ကျော်ထင်သည် ခြံထောင့်က ဒါန်းများကိုကြည့်ရင်း၊ ရုတ်တရက်ထိတ်လန့်သွား၏။ ခြံထောင့်တွင် သူတို့မိသားစုလေးယောက်အတွက်၊ဒါန်းလေးခုဆင်ထားသည်။ လေမတိုက်ပဲနှင့် ထူးခြားစွာ ဒါန်းလေးခုအနက်မှနှစ်ခုသည် ရှေ့နောက်လွှဲရမ်းနေသည်ကို၊မြင်လိုက်ရသောကြောင့်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အပါလေးသည် သရဲခြောက်သောအိမ်ကြီးထဲ ရောက်နေလေပြီ။ ကျော်ထင်သည် လိုရမယ်ရယူလာသောခြောက်လုံးပြူးသေနတ်ကို ဆုတ်ကိုင်ကာ၊အိမ်ကြီးထဲ တစ်လှမ်းချင်း ဝင်ရောက်သွားလေတော့သည်။

## ( ၁၀ ) နာနာဘာဝနှင့်တိုက်ပွဲ



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၀ ) နာနာဘာ၀နှင့်တိုက်ပွဲ

သားလေးလက်ကောက်ဝတ်မှာ ကိုကျော်ထင်က ပရိတ်ကြိုးကို ချည်နှောင်ပေးလိုက်၏။ အဲဒါကို ကေသီကမြင်တော့..

"ဘာလုပ်နေတာလဲ ကိုကျော်ထင်"

ကိုကျော်ထင်က သူ ဆရာကျော်မင်းခေါင်နှင့်တွေ့ခဲ့တဲ့အကြောင်းပြောပြလိုက်ကာ ..

"ဒီပရိတ်ကြိုးတွေချည်ထားရင် ..တစ္ဆေသရဲတွေ အနှောင့်အယှက် မပေးနိုင်ဘူးတဲ့"

ကေသီက ဘာမှမပြောတော့။ ကျော်ထင်က ပရိတ်ကြိုးတစ်စပေးကာ ..

"မင်းလည်း ချည်ထား"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုသည်။သို့သော် ကေသီက လှမ်းသာယူလိုက်သည်။ သိပ်အလေးအနက် ထားဟန်မပြ။ ကေသီက ..

"ခုန အမေ့ဆီက ဖုန်းလာသေးတယ်"

"ဘာပြောတာလဲ .."

"ထုံးစံအတိုင်း အဆင်ပြေရဲ့လားမေးတာ။ အဆင်မပြေရင်လည်း ပြန်လာခဲ့ဖို့ပြောတယ်"

"မင်းက ဒီမှာဖြစ်ပျက်နေတာတွေ ပြန်ပြောပြလိုက်လား"

ကိုကျော်ထင်က စိုးရိမ်တကြီးမေးသည်။ ကေသီက ..

"ကျွန်မက ဒီလောက်မိုက်ပါ့မလား။ဒီအကြောင်းတွေပြောလိုက်ရင် အမေက ..ချက်ချင်းရောက်လာပြီး မန္တလေးကို ပြန်ခေါ်သွားမှာ"

"မင်းကိုငါ ကျေးဇူးတင်ပါတယ်"

ကေသီက သူ့ယောကျ်ားကိုကြည့်ရင်းဝမ်းနည်းသွားသည်။ တကယ်တော့ ကိုကျော်ထင်သည် မိသားစုအတူနေထိုင်ရန်၊ အခုလိုဘဝလေးရဖို့ အတော်ပင်ကြိုးစားခဲ့ရတာ သူ့အသိဖြစ်သည်။သူ့ယောကျ်ားကိုထားခဲ့ကာ မန္တလေးကိုပြန်သွားဖို့ကိစ္စကိုနောက်နောင်နှုတ်က ထုတ်ဟမပြောတော့ဟု ဆုံးဖြတ်လိုက်သည်။ ဘယ်လိုအခက်အခဲပဲရှိရှိ နောက်ဆုံးအချိန်အထိ၊ကိုကျော်ထင်နှင့်လက်တွဲကာ ရင်ဆိုင်မည်။

ကေသီက ..

"ကျွန်မတစ်ခု တွေးမိတယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဘာလဲ ..ကေသီ"

"ကျွန်မတို့အိမ်မှာ ဘုန်းကြီးပင့်ပြီးဆွမ်းကပ်ရင်ကောင်းမလားလို့။ ကမ္မဝါဖတ်ပေးဖို့လည်း ..တောင်းပန်မယ်။ ပြီးတော့ တစ်ဘက်ခြံက မိသားစုအတွက်လည်းအမှုအတန်းလေးဘာလေး ဝေရတာပေါ့။ အဲဒါဆို သူတို့ ..ဘဝတွေလည်း ကောင်းသွားမယ်ထင်တယ်"

"ဟုတ်တယ်။ စောစောက ..ငါဘာလို့မတွေးမိတာလဲမသိဘူး။ ဒါမှ တို့လည်း အိမ်နီးချင်း ကောင်းပီသရာရောက်မယ်၊ သူတို့သားအမိကို သပိတ်သွတ်ပေးမယ့် လူတောင်မရှိတာ တွေးမိရင် စိတ်မကောင်းစရာပဲ။ ကောင်းပြီလေ မနက်ဖြန် နီးစပ်ရာဘုန်းကြီးကျောင်းကိုသွားပြီး ငါဆွမ်းဖိတ်မယ်"

အခုလိုဆိုတော့ သူတို့ပြေပြေလည်လည် ဖြစ်သွားကြပြန်သည်။ ကျော်ထင်က တစ်စုံတစ်ခုကိုသတိရဟန်ဖြင့် ..

"ကေသီရေ။မင်းသမီးအကြီးကိုလည်း အိမ်ပြန်လာဖို့သွားခေါ်လိုက်ပါဦး။ မနေ့က ငါမြို့ထဲကစားသောက်ဆိုင်မှာတွေ့တယ်။ ကောင်လေးတွေလည်းပါတယ်။ သူငယ်ချင်းတွေဆိုပေမယ့် သူတို့အရွယ်က ဒီအတိုင်းလွှတ်ထားဖို့ မကောင်းတော့ဘူး။ အိုးချင်းထားအိုးချင်းထိ။ကြိုးချင်းထားကြိုးချင်းငြိတဲ့။ မီးဆိုတာ မလောင်ခင်ကတားရင်ကောင်းတယ်"


www.burmeseclassic.com

www.burmeseclassic.com



သူ့ယောကျ်ားက ဒီလောက်ရှည်ရှည်ဝေးဝေး၊ စကားပြော တတ်သူမဟုတ်။ အကြောင်းရှိလို့ ပြောတာပဲဟု၊ ကေသီကယူဆ လိုက်သည်။ ထို့ကြောင့် ..

"ညနေကျ သွားခေါ်လိုက်ပါ့မယ်"

ဟုကတိပေးလိုက်သည်။ ညနေထမင်းစားပြီးသည်နှင့်ကေ သီက သမီးကိုခေါ်ရန် ထွက်သွားမည်ပြုရာ ..

"ကေသီ ကားယူသွား။ငါသုံးစရာ ..ကိစ္စမရှိတော့ဘူး၊မြန် မြန်သာ ပြန်လာခဲ့ကြ။ ဘေဘီကိုလည်း ..ငါတောင်းပန် တယ်လို့ပြောလိုက်"

ဟုမှာလိုက်၏။ ကေသီကားနှင့်ထွက်သွားသည်။ သူအိမ် ထဲတွင် ရုံးကလုပ်ငန်းတချို့ကို၊ ခဏလုပ်ကိုင်နေမိသည်။ခဏနေ တော့မှ သားဖြစ်သူအပါကို သတိရလာသည်။ အပါလေး အသံ က ငြိမ်သက်လွန်းအားကြီးသည်။ သူ့အခန်းထဲမှာ ကစားနေမည် ဟု ကျော်ထင်က ယူဆနေသည်။ထို့ကြောင့် အခန်းကိုသွားကြည့် သည်။ သို့သော် အပါ့ကိုမတွေ့။

"အပါရေ။ သားလေးအပါ"

ဟုခေါ်သော်လည်း ထူးသံမကြားရ။ တစ်အိမ်လုံးအနှံ့ရှာ ဖွေပါသော်လည်း အပါလေးကို မတွေ့ရ။ သူ စိတ်ပူလာသည်။ ကေသီကများ ခေါ်သွားလေသလား။ ကေသီ့ဆီ ဖုန်းဆက်ကြည့် ၏။

"မင်းတို့ဘယ်မှာလဲ .."



www.burmeseclassic.com

www.burmeseclassic.com


"ဘေဘီကိုခေါ်ပြီး ..ပြန်လာနေပြီ၊ သူကကြေးအိုးစားချင်တယ်ဆိုလို့ လမ်းမှာဝင်စားနေကြတာ။ ဘာကိစ္စရှိလဲ"

ကျော်ထင်က ချင့်ချိန်နေပြီး မမေးမဖြစ်သဖြင့်မေးလိုက်ရသည်။

"မင်းများ သားလေးအပါကို ခေါ်သွားသေးလား"

"မခေါ်ပါဘူး။ နေပါဦး ဘာဖြစ်နေလို့လဲ။ အပါပျောက်နေလို့လား"

မပြောမဖြစ်တော့သဖြင့် ကျော်ထင်က ..

"ဟုတ်တယ် ငါရှာတာနဲ့နေပြီ။ ဒါပေမယ့်စိတ်ပူမနေပါနဲ့ တစ်နေရာမှာ ရှိမှာပါ"

"စိတ်မပူပါနဲ့ ဟုတ်လား။ကလေးတစ်ယောက်လုံးပျောက်နေတာ စိတ်မပူလို့ဖြစ်မလား။သူ့ကိုအိမ်မှာ တစ်ယောက်တည်းလွှတ်မထားရဲဘူး။ ဟိုဘက်အိမ်က ကောင်လေးက သူနဲ့ လာလာဆော့နေတတ်တယ်"

ကျော်ထင့်ရင်ထဲတွင် ဒိန်းကနဲဖြစ်လို့သွားသည်။ ဇော်နိုင်ကလေးက သူ့အိပ်မက်ထဲထိရောက်လာကာ သူ့မှာသူငယ်ချင်းမရှိသဖြင့်၊ အပါလေးကိုခေါ်သွားမည်ဟုပြောတာ အမှတ်ရလာ၏။

"ကိုကျော်ထင် ရှင်ဘာတွေဖြစ်နေတာလဲ"

တစ်ဘက်က ကေသီအော်သံကြားရသည်။

"ငါ သူ ..ဘယ်သွားတယ်ဆိုတာ ရိပ်စားမိပြီ"

"ကျွန်မ အခုချက်ချင်းပြန်လာခဲ့မယ် ကိုကျော်ထင်"


www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်က ဖုန်းကျသွား၏။ ကျော်ထင်က အပေါ်ထပ်မှနေ၍၊ တစ်ဘက်ခြံထဲလှမ်းကြည့်လိုက်သည်။ နေဝင်စမှောင်ရိပ်သန်းနေသော တစ်ဘက်ကတိုက်ကြီးကိုမြင်ရသည်မှာ၊ကျက်သရေကင်းမဲ့သလို ဖြစ်နေလေသည်။ ထိုအခိုက် အိမ်ကြီး၏ အပေါ်ထပ်ဆီမှပြေးလွှားနေသော လူရိပ်ကို မြင်လိုက်ရသကဲ့သို့ရှိ၏။သူသွားသည် ဤအိမ်ကြီးသို့သွားကာ ဇော်နိုင်ကလေးနှင့် ကစားနေတာပဲဖြစ်မည်။ အိပ်ယာပေါ်တွင် သူ့သားလက်မှဖြုတ်ထားခဲ့ဟန်တူသော ပရိတ်ကြိုးအစကိုတွေ့ရသည်။

ကျော်ထင်က အိမ်မှဆင်းကာ၊တစ်ဘက်ခြံထဲကူးဝင်ခဲ့၏။ သူ့တွက်ကိန်းက မမှား။ တစ်ဘက်အိမ်ရှေ့မြက်ခင်းပြင်တွင် ဖရိုဖရဲကျွတ်ကျကျန်ခဲ့ပုံရသော၊အပါလေး၏ဖိနပ်ကိုတွေ့ရလေသည်။ သေချာသည်။ အပါလေးသည် သရဲခြောက်သော အိမ်ကြီးထဲကိုရောက်၍နေလေပြီ။ကျော်ထင်သည် လိုရမယ်ရ သူယူဆောင်လာသော ခြောက်လုံးပြူးသေနတ်ကို ဆုတ်ကိုင်ကာ၊ အိမ်ကြီးထဲသို့တစ်လှမ်းချင်း ဝင်ရောက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးမြန်မြန်စား။ အရေးကြီးတယ်။ အိမ်ပြန်ရမယ်"

သူ့အမေကပြောနေသဖြင့် ဘေဘီသည် ကြေးအိုးစားနေရာမှ ရုပ်တန့်လိုက်ကာ၊သူ့အမေအား နားမလည်သလိုကြည့်၍ ..

"ဘာတွေဖြစ်နေလို့လဲ အမေ"

"သမီးအဖေဖုန်းဆက်တယ်။ မောင်လေးပျောက်နေလို့တဲ့"

ဒီတော့ ဘေဘီက စားလက်စကိုရပ်ပစ်လိုက်သည်။

"စားတာက အရေးမကြီးဘူးလေ မေမေ။ မောင်လေးကို မြန်မြန် သွားရှာရမှာပေါ့"

ကေသီက စားပွဲထိုးကိုခေါ်ကာ ပိုက်ဆံအမြန်ရှင်းပေးပြီး ကားမောင်းထွက်ခဲ့သည်။ သူကစိတ်လောနေ၍ ကားကိုအမြန်ဆုံးနှုန်းနှင့်မောင်းနှင်နေမိရာ၊ ဘေးက ဘေဘီက သတိပေးရ၏။

"အမေ ဒီလောက်မြန်မြန်မမောင်းနဲ့လေ။ သမီးကြောက်



www.burmeseclassic.com

www.burmeseclassic.com



တယ်"

ဒီတော့မှ၊ ကေသီ အသိတရားဝင်လာသည်။သူဒီအတိုင်း မောင်းသွားလျှင် လိုရာမရောက်ပဲ သေရွာ ရောက်သွားနိုင်သည်။ ပုံမှန်မောင်းသွားလျှင်လည်း၊ အိမ်ကိုတော့ (၁၀)မိနစ် ကြာလျှင် ရောက်သွားမှာပဲ။

မျက်နှာချင်းဆိုင်မောင်းလာသော ကားကြီးတစ်စီးနှင့်ပွတ် ကာသီကာ ရှောင်တိမ်းပြီးနောက် ကေသီက အရှိန်ကိုလျှော့လိုက် သည်။ ဘေဘီက သက်ပြင်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အပါလေးရေ ။ သားရေ"

ကိုကျော်ထင်က အိမ်အောက်ထပ်တွင် လှည့်ပတ်ရှာရင်း၊ အသံပေးခေါ်သည်။ သို့သော် ပြန်လှန်ထူးသံမကြားရ။ မှောင်ရီပျိုးစအချိန်ဖြစ်သဖြင့်၊အိမ်ထဲတွင်အလင်းရောင်အားနည်းနေသည်။ အိမ်ထဲကမီးလုံးတွေကလည်း သုံးရလိမ့်မည်မဟုတ်။ သူလက်နှိပ်ဓါတ်မီး ယူမလာမိသည့်အတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသည်။

ကိုကျော်ထင်လည်း အပေါ်ထပ်ကို ပြေးတက်လိုက်သွားလေသည်။သူ့စိတ်ထဲက တွေ့ကြသေးတာပေါ့ဟု ကြိမ်းဝါးလိုက်၏။ သေနတ်နှင့်ပစ်လျှင် သရဲရော ခံနိုင်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



ကားကိုအိမ်ရှေ့ ထိုးဆိုက်ပြီးသည်နှင့်၊ ကေသီနှင့်ဘောဘီသည် အိမ်ထဲပြေးဝင်လာခဲ့ကြသည်။ အိမ်ထဲမှာ ဘယ်သူ့ကိုမှ မတွေ့။ ကိုကျော်ထင်လည်းမတွေ့။ အပါလည်းမတွေ့။

သူနဲ့ဖုန်းဆက်စဉ်က ကိုကျော်ထင်က "ငါ သူဘယ်သွားတယ်ဆိုတာ ရိပ်စားမိပြီ"ဟု ပြောခဲ့သောစကားကို အမှတ်ရကာ စိတ်ပူသွား၏။ သူမသိအောင်အပါလေးသည် ဇော်နိုင်နှင့်တွေ့ဆုံပြီး ဆော့ကစားနေလေ့ရှိသည်။ ယခုလည်း ဇော်နိုင်နှင့် ကစားရအောင် တစ်ဖက်အိမ်ကြီး ရောက်နေတာပဲဖြစ်ရမည်။ကေသီက

"သမီး ဒီမှာနေခဲ့ဦး"

"အမေ ဘယ်သွားမလို့လဲ"

"တစ်ဖက်ကအိမ်ကြီးကို သွားမလို့။ သမီးမောင်လေး အဲဒီအိမ်ကြီးမှာပဲ ရှိလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးလည်း လိုက်ခဲ့မယ်"

"မလိုက်နဲ့။ အဲဒီအိမ်ကြီးမှာ သမီးအဖေလည်းရှိလိမ့်မယ်။ သမီး ဒီကပဲစောင့်"

"တစ်ယောက်တည်း နေရမှာကြောက်တယ်"

ဘေဘီက ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။ အခြေအနေတွေကို သူလည်း၊ ရိပ်စားမိသင့်သလောက်ရိပ်စားမိနေလေပြီ။ သူတို့ ရင်ဆိုင်နေရတာက သွေးနဲ့ကိုယ်သားနဲ့ကိုယ် ခန္ဓာနဲ့လူတွေ မဟုတ်။ ဝိညာဉ်လောကသားတွေ။ ကေသီက ပရိတ်ကြိုးယူပေးကာ ..

"ကြောက်ရင် ဒီပရိတ်ကြိုးကိုယူထား၊ ဂုဏ်တော်ရွတ်နေ၊ ဟိုမှာထက်စာရင် ဒီမှာက အန္တရာယ်ကင်းတယ်"

ဟုပြောကာ အိမ်ထဲကအမြန်ထွက်ပြေးလာခဲ့သည်။ တစ်ဖက်ခြံထဲအဝင်တွင် မြက်ခင်းပေါ်၌ အပါလေး၏ဖိနပ်ကို တွေ့ရသဖြင့် အပါလေးဤအိမ်ထဲမှာရှိနေနိုင်တာက သေချာသလောက် ဖြစ်၍သွားသည်။

သို့သော် အိမ်ထဲရောက်လာသော်လည်း ဘယ်သူ့ကိုမှ မတွေ့ရ။အခန်းထောင့်တွင် ထိုင်သူကင်းမဲ့နေသော ဘီးတပ်ကုလားထိုင်ကြီးကိုသာတွေ့ရ၏။ အောက်ထပ်ကအခန်းတွေကို သူဖွင့်ရှာ၏။ ပါးစပ်ကလည်း ..

"ကိုကျော်ထင်ရေ .. အပါရေ"

ဟု တကြော်ကြော်ခေါ်၏။ ထူးသံမကြားရ။ အခန်းတစ်ခန်းထဲမှ ပြန်အထွက်တွင် ..



www.burmeseclassic.com

www.burmeseclassic.com


ကျော်ထင်သည် အပေါ်ထပ်ရောက်သောအခါ သူ့သားအ ပါလေးကိုရှာသည်။ မတွေ့။သူ့ရှေ့မှပြေးတက်သွားသော ဇော်နိုင် ကိုလည်း ရှာသည်မတွေ့။ထိုအခိုက် အောက်ထပ်ဆီမှ ကေသီ၏ အသံကိုကြားလိုက်ရသည်။သူ့မိန်းမကလည်း အိမ်ပြန်ရောက်တော့ အိမ်မှာ သူနှင့်သားကိုရှာမတွေ့သဖြင့်၊ ဤအထိလိုက်လာဟန်တူ ၏။ သူက သူ့မိန်းမကို အသံပြုခေါ်မည်ပြုစဉ် ..

သူ့ရှေ့နံရံတွင်ကပ်ထားသော ..ဘီရိုကြီးကလှုပ်လာ၏။ဘီ ရိုတံခါးတွေက စတင်လှုပ်လာခြင်းဖြစ်သည်။ တစ်ခါက သူသရဲ ခြောက်ခံရတာကို ကျော်ထင်ပြန်စဉ်းစားကြည့်လိုက်၏။ဘီရိုတံခါး ပွင့်ကျသွားကာ အထဲကထွက်ကျလာသော၊ အိမ်ဖေါ်မလေး၏အ လောင်း။ အလောင်းကလဲကျနေရာမှထကာ သူ့ကိုလိုက်သဖြင့်၊သူ ထွက်ပြေးခဲ့ရသည်။ ဒီတစ်ခါတော့ သူအရှုံးမပေး။


www.burmeseclassic.com

www.burmeseclassic.com



ဘီရိုကို ခြောက်လုံးပြူးနှင့်ချိန်ထားလိုက်သည်။ သူ့လက်တွေက တဆတ်ဆတ်တုန်နေသည်။စိတ်ကလည်းဂယောင်ခြောက်ခြား။

ဘီရိုတံခါးပွင့်သွားပြီ။အထဲက ကလေးတစ်ယောက်လှမ်းထွက်လာ၏။ မှောင်လွန်းသဖြင့် ရုပ်ဆင်းသဏ္ဍာန်ကမသဲကွဲ။သူကလက်ထဲက ခြောက်လုံးပြူးသေနတ်ကို ခလုတ်ဆွဲလိုက်သည်။

အခန်းထဲတွင် ..

"ဒိုင်း" ကနဲ သေနတ်သံမြည်ဟီးသွား၏။ ထိုအခိုက်မှာပင် အခန်းဝကိုရောက်လာသော ကေသီက ကြောက်လန့်တကြားအော်ဟစ်လိုက်သည်။

BURMESE CLASSIC

တကယ်တော့ ..

ဘီရိုထဲကထွက်လာတာက အပါလေးဖြစ်သည်။အပါလေးက သူ့အဖေကိုနှုတ်ဆက်ရအောင် ထွက်လာခြင်းဖြစ်သည်။ အခုတော့ ကိုကျော်ထင်ပစ်လိုက်သော သေနတ်ကျည်ဆံက၊အပါလေးကိုမှန်ကာ လဲကျသွားသည်။ ကေသီက အပါလေးဆီ ..

"သား သား "

ဟုခေါ်ကာ ပြေးသွားရင်း ပွေ့ချီလိုက်၏။ အခုမှ ကျော်ထင်သည် သူမှားယွင်းပစ်ခတ်လိုက်မိကြောင်း သိလိုက်ရ၏။သွားပြီ။ ကိစ္စတွေအားလုံး ပြီးဆုံးသွားပြီ။ သူ့အိပ်မက်။ သူ့ဘဝ။သူ့အနာဂါတ်။ သူ့မျှော်လင့်ချက်။ တခဏ အတွင်းမှာပင် အားလုံးပျက်စီးဆုံးရှုံးသွားပြီ။သူချစ်သောသားကို သူကိုယ်တိုင်သတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com


မိပြီ မဟုတ်လား။ သူ လှမ်းကြည့်လိုက်သည်။ အပါလေးကိုတွေ့ ကာ ကေသီက ငိုကြွေးနေ၏။အပါလေး၏ရင်ဘတ် အင်္ကျီဖြူဖြူ ပေါ်တွင် သွေးနီနီတို့ စွန်းထင်းနေလေသည်။

ကေသီက သားကလေးကိုဖက်ကာငိုနေရာမှ၊သားကလေး လှုပ်လာတာ တွေ့ရသည်။ ပြီးတော့ မျက်လုံးလည်း ပွင့်လာ၏။ ကေသီက စစ်ဆေးကြည့်လိုက်တော့ သေနတ်ကျည်ဆံက ပုခုံးကို ရှပ်မှန်သွားခြင်းသာဖြစ်သည်။ ဒါဆို စိုးရိမ်စရာမရှိ။သားကလေး မသေနိုင်။

ကေသီက ဝမ်းသာအားရ၊သူ့ယောကျ်ားကျော်ထင်ကိုပြော ပြဖို့ လှည့်ကြည့်လိုက်၏။ မြင်လိုက်ရတဲ့ မြင်ကွင်းကထိတ်လန့် တုန်လှုပ်စရာ။ ညှိုးငယ်သောမျက်နှာဖြင့် ကိုကျော်ထင်သည် သူ့ နားထင်ကိုသူ၊ ခြောက်လုံးပြူးနှင့်တေ့ချိန်ထားရင်း ရပ်နေသည်။ အခြေအနေကိုရိပ်စားမိသဖြင့်ကေသီက တားမြစ်ရန်ကြိုးစားလိုက် ၏။

"ကိုကျော်ထင်"

သို့သော် .. နောက်ကျသွားလေပြီ။

သူခေါ်လိုက်စဉ်မှာပင် ကိုကျော်ထင်က၊ သေနတ်ခလုတ် ကို ညှစ်ဆွဲလိုက်ရာ ..

"ဒိုင်း .."

ကနဲမြည်သံက အခန်းထဲတွင် ဟိန်း၍ သွားပါလေတော့ သည်။

နွေမိုးဆောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်များဖြစ်ပျက်ပြီး နောက်(၃)နှစ်ခန့် ကြာသောအခါ ..

ဟောဝန်အိမ်ယာစခန်းရှိ နှစ်ထပ်တိုက်တစ်လုံးရှေ့ကို၊ကားတစ်စီးထိုးဆိုက်လာကာ မိသားစုလေးယောက် ဆင်းသက်လာလေသည်။ အဖေရယ်၊အမေရယ်၊ သမီးကြီးရယ်၊သားငယ်ရယ်။သူတို့က ခြံဝန်းထဲဝင်လာရင်း ဖခင်ဖြစ်သူက မှတ်ချက်ချလိုက်၏။

"ဒီလိုနှစ်ထပ်တိုက်ကို ဒီလို ဈေးချိုချိုနဲ့ရတာ ငါတို့ကံကောင်းတာပဲကွ။ ကဲ .. အိမ်ထဲဝင်ကြရအောင်"

ထိုစဉ်မှာပင် သမီးဖြစ်သူက တစ်နေရာကိုလက်ညှိုးထိုးပြကာ အော်ပြောလိုက်၏။

"အဖေရေ .. ကြည့်စမ်း။ မထူးဆန်းဘူးလား"

ထိုနေရာတွင်ဆင်ထားသော ဒါန်းလေးခုရှိနေသည်။

ကိုယ်ရောစိတ်ပါ ချမ်းသာကြပါစေ

ဒေဝစကြာ

(နိုဝင်ဘာ ၂၀၁၁)



www.burmeseclassic.com